# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 10 December 2025 ၁၂၀၂၇


**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုပြဿနာသည် ကြီးမားသည့်အဟန့်အတားဖြစ်

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံရေးစိတ်ဆန္ဒပြင်းပြစွာ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် Video Message**

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)



အားလုံးမင်္ဂလာပါ။

ယနေ့ ဒီဇင်ဘာလ(၉)ရက်နေ့မှာကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို တက်ရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰



## ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ အာကာသပြတိုက်(ရန်ကုန်)သို့ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ လာရောက်လေ့လာ

နေပြည်တော် ဒီဇင်ဘာ ၉

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ အာကာသပြတိုက်(ရန်ကုန်)ကို နိုဝင်ဘာ ၃၀ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များမှ

အာကာသပြတိုက်(ရန်ကုန်)သို့ လာရောက်လေ့လာကြသည့် ကျောင်းသား ကျောင်းသူများအား တွေ့ရစဉ်။

ကျောင်းများအလိုက် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် မိဘပြည်သူများ လာရောက်လေ့လာကြည့်ရှုကြသည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အလုံခရိုင်နှင့် ကျောက်တံတားခရိုင်တို့ရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ယခင်နက္ခတ်တာရာပြခန်းတွင် အသုံးပြုခဲ့သော GOTO Planetarium Analog Projection System၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ကြေးမုံ

# တရားမျှတပြီးလွတ်လပ်မှုနှင့်မသွေ အခွင့်တူညီမျှ ဝါဒဖြူစင်သည့်မြေ

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် လူသားတိုင်း ရသင့်ရထိုက်သော၊ ခံစားထိုက်သော အခွင့်အရေးများကို လူ့အခွင့်အရေးကြေညာစာတမ်းအဖြစ် အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ ကြေညာစာတမ်း အပိုဒ် - ၇ တွင် လူသားအားလုံးတို့သည် ဥပဒေအရာ၌ တန်းတူရည်တူရှိကြပြီး ဥပဒေ၏ တန်းတူကာကွယ်စောင့်ရှောက်မှုကို မည်သည့်ခွဲခြားဆက်ဆံမှုမျှ မရှိစေဘဲ ခံစားပိုင်ခွင့်ရှိသည်ဟု ဖော်ပြထားသည်။ လူ့အခွင့်အရေးကြေညာစာတမ်းတွင် လူသားတို့၏ ရပိုင်ခွင့်၊ ခံစားပိုင်ခွင့်အားလုံးကို အပြည့်အစုံဖော်ပြထားသည်။

လူသားတိုင်းသည် လူမျိုးနွယ်အရဖြစ်စေ၊ အသားအရောင်အားဖြင့်ဖြစ်စေ၊ အဆင့်အတန်းအားဖြင့်ဖြစ်စေ၊ ကျား၊ မအားဖြင့်ဖြစ်စေ အခွင့်အရေးအားလုံး၊ လွတ်လပ်ခွင့်အားလုံးတို့ကို တန်းတူညီမျှ ပိုင်ဆိုင်ရရှိခွင့်ရှိသည်ဟု ကြေညာစာတမ်းတွင်ပါရှိသည်။ ကမ္ဘာပေါ်တွင် လူသားမျိုးနွယ်စတင်ပေါ်ပေါက်လာသည့်အချိန်မှစ၍ လူမျိုးနွယ်အားဖြင့်ဖြစ်စေ၊ နေထိုင်လိုမှု၊ စားသောက်လိုမှု၊ ရရှိပိုင်ဆိုင်လိုမှုအရဖြစ်စေ အင်အားကြီးသူက အင်အားငယ်သူတို့အပေါ်တွင် အနိုင်ကျင့်ဗိုလ်ကျနှိပ်စက်မှုများ၊ ခွဲခြားဆက်ဆံမှုများ ရှိလာခဲ့သည်။ ယနေ့ကာလ၌ လူသားတို့၏ ကိုယ်ကျင့်တရားဆိုင်ရာ အဂတိလေးပါးမကင်းမှု၊ ဘက်လိုက်မှုများကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရမည်။

မျက်မှောက်ကာလတွင် လူမျိုးနွယ်အချင်းချင်းသည်ပင်လျှင် အယူဝါဒ၊ ယုံကြည်ချက်၊ ခံယူချက် မတူကွဲပြားမှုများကြောင့် အနိုင်ကျင့်ဖိနှိပ်မှုများရှိနေသည်။ အားနည်းသည့် လူ့အသိုင်းအဝိုင်းများတွင် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ ရှိနေသည်။ မည်သို့ပင်ဖြစ်စေ လူ့အခွင့်အရေးအခြေခံမှုများကို အတတ်နိုင်ဆုံး လိုက်နာကျင့်သုံးကြရမည်ဖြစ်သည်။ လူသားအားလုံး၏ ဆိုင်ရာဆိုင်ရာ ယုံကြည်မှု အဆုံးအမတရားတော်များနှင့်အညီ လူသားအချင်းချင်းအပေါ် မေတ္တာတရားများ ထားရှိကြပြီး လူ့အခွင့်အရေးများကို မျှဝေပေးကြရမည်ဖြစ်သည်။ ဗြဟ္မစိုရ်တရားလေးပါးကို လိုက်နာကျင့်သုံး၍ အဂတိတရားလေးပါးကို ရှောင်ရှားပြီး အားလုံးတန်းတူညီမျှ ကူညီစောင့်ရှောက်ကြရမည်ဖြစ်သည်။

ယနေ့ကာလတွင် လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ အကြီးကျယ်ဆုံးနှင့် အထင်ရှားဆုံး သမိုင်းမှတ်တိုင်မှာ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းဖြစ်သည်ကို အသိအမှတ်ပြုရမည်ဖြစ်သည်။ လူ့အခွင့်အရေး အယူအဆများသည် ခေတ်အဆက်ဆက် ပြောင်းလဲလာသည်နှင့်အမျှ ပိုမို၍ နက်ရှိုင်းကျယ်ပြန့်လာသည်ကို တွေ့ရမည်ဖြစ်သည်။ လူ့အဖွဲ့အစည်းအတွင်း၌ မတူညီသည့်လူ့အခွင့်အရေး အယူအဆပုံစံများ ပြောင်းလဲဖွံ့ဖြိုးလာသည်ဟု ဆိုရမည်ဖြစ်သည်။ နိုင်ငံရေးဆိုင်ရာ အတွေးအခေါ် အယူအဆများနှင့်စပ်လျဉ်း၍ တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး ယုံကြည်ချက်၊ ခံယူချက် အယူအဆအမျိုးမျိုးကွဲပြားသည်ကို တွေ့ရမည်ဖြစ်သည်။ ဘုံရည်မှန်းချက်သည် လူသားအားလုံးအပေါ်တွင် ကိုယ်နှင့်ထပ်တူ ကိုယ်ချင်းစာတရားထားရှိခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးကြေညာစာတမ်းတွင်ပါရှိသည့်အချက်များကိုကြည့်လျှင်ပင် လူ့အခွင့်အရေးကို တန်ဖိုးထား လေးစားလိုက်နာကြောင်း ညွှန်းဆိုဖော်ပြထားသည်။ လူ့အခွင့်အရေး လေးစားတန်ဖိုးထားမှုများကို သက်သေထူခဲ့သည်။ ထိုခေတ်ကာလ ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် မြန်မာနိုင်ငံသားများ၏ အခြေခံလူ့အခွင့်အရေးများကို အာမခံချက်ပေးခြင်း၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်၊ လွတ်လပ်စွာ နေထိုင်လုပ်ကိုင်ခွင့်၊ သတင်းမီဒီယာ လွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ ဆန္ဒမဲပေးပိုင်ခွင့်တို့ရရှိခဲ့သည်။ ခေတ်အဆက်ဆက်တွင် လူ့အခွင့်အရေးနှင့်ပတ်သက်၍ အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

၂၀၂၁ ခုနှစ်တွင် နိုင်ငံတော်အစိုးရအနေဖြင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံအုပ်ချုပ်ခဲ့သော်လည်း လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အသိအမှတ်ပြုအားပေးခြင်း၊ ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ကို နိုင်ငံတော်အဆင့် အခမ်းအနားကြီးအဖြစ် ကျင်းပခွင့်ပြုပေးခဲ့သည်မှာ လူ့အခွင့်အရေးကို နိုင်ငံတော်အစိုးရအနေဖြင့် မည်မျှတန်ဖိုးထားကြောင်းကို ပြသလျက်ရှိသည်။ လက်တွေ့အနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင်ပါရှိသည့် နိုင်ငံသားများ၏ ရပိုင်ခွင့်၊ အခွင့်အရေးများနှင့်အညီ နိုင်ငံသူ နိုင်ငံသားများ၏ လူ့အခွင့်အရေးရပိုင်ခွင့်များကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာ့လွတ်လပ်ရေးကြေညာစာတမ်း အပိုဒ် ၆/၇ တွင်ပါရှိသည့်အတိုင်း "ဤနေ့ဤအချိန်မှစ၍ ငါတို့ နိုင်ငံတော်သားဟူသရွေ့ကို ကြီးငယ် နိမ့်မြင့်မခြား တစ်သွေး၊ တစ်သားတည်းပြု၍ နည်းများ၊ နိမ့်မြင့်မရှိစေရ၊ ညီတူညီမျှပြုမည်။ သူတစ်ပါးကိုလည်း မတရားမပြု၊ ငါတို့အား မတရားပြုခြင်းကိုလည်း လက်မခံ၊ အသက်နှင့်လဲ၍ ကာကွယ်မည်" ဆိုသည့်အတိုင်း လူ့အခွင့်အရေးကို အသက်နှင့်ထပ်တူ ကာကွယ်စောင့်ရှောက်လျက် ခွင့်တူညီမျှ ဝါဒဖြူစင်သည့်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါကြောင်း။ ။

မြန်မာ့သမဝါယမစတင်ခြင်း ၁၂၀ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်

MCRD

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်

"လူမှုစီးပွားဘဝမြင့်တင်ဖို့

သမဝါယမကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်စို့"



## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## ကျေးလက်ဖွံ့ဖြိုးရေး ကျေးရွာချင်းဆက်လမ်း လုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

ငပုတော ဒီဇင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကြောင်တောက်ကုန်းကျေးရွာမှ ပမ္မဝတီရေနက်ဆိပ်ကမ်းသို့ ဆက်သွယ်သောလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယမန်နေ့က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ)ဦးကျော်ကျော်ထွေးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများအရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ၉ - ၁၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၈၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၉ - ၁၂ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၄၀၀ | ၁၂၆ | ၁,၀၆၅,၇၀၀ |
| MTSH | ၃,၆၀၀ | ၃,၆၀၀ | ၃၁ | ၁၁၁,၆၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၂,၃၀၀ | ၂,၃၀၀ | ၂,၃၂၂ | ၅,၃၄၀,၆၀၀ |
| TMH | ၃,၁၀၀ | ၃,၁၀၀ | ၃၀ | ၉၃,၀၀၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၁,၅၇၅ | ၂,၅၂၃,၇၅၀ |
| AMATA | ၃,၆၅၀ | ၃,၇၀၀ | ၁၇၄ | ၆၃၅,၆၀၀ |
| MAEX | ၃,၁၅၀ | ၃,၁၀၀ | ၉၂၂ | ၂,၈၆၂,၃၀၀ |
| MADPL(PLB) | ၂,၇၀၀ | ၂,၇၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြုပြင်ပြောင်းလဲရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ အဂတိလိုက်စားမှုပြဿနာဟာ ကြီးမားတဲ့ အဟန့်အတားဖြစ်ပါတယ်။ မိမိတို့အစိုးရအနေနဲ့ အမျိုးသားအကျိုးစီးပွားကို အလေးထားပြီး စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာမှာ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ဖြောင့်မတ်တည်ကြည်မှု၊ မျှတမှု၊ တရားဥပဒေစိုးမိုးမှုစတဲ့ ကောင်းမြတ်တဲ့အလေ့အထတွေ ပိုမိုမြင့်မားလာစေရေးကို မျှော်မှန်းပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံရေးစိတ်ဆန္ဒပြင်းပြစွာနဲ့ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

စည်းကမ်းကောင်းမွန်ပြီး ဒီမိုကရေစီပြည့်ဝတဲ့ နိုင်ငံတော်တည်ဆောက်ရာမှာ သန့်ရှင်းသောအစိုးရနဲ့ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်များ လိုအပ်ပါတယ်။ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်ရာမှာ အဂတိလိုက်စားမှုကင်းစင်ဖို့ လိုအပ်ပြီး အဂတိလိုက်စားမှုဟာ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးအတွက် အဟန့်အတားဖြစ်စေပါတယ်။ ဒါ့ကြောင့် အဂတိကင်းပြီး ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ် တည်ဆောက်နိုင်မှသာ နိုင်ငံတော်ဟာ ဘက်ပေါင်းစုံမှာ ဖွံ့ဖြိုးတိုးတက်လာပြီး အများပြည်သူရဲ့ လူမှုဘဝတွေဟာလည်း မျှမျှတတနဲ့ သာယာဝပြောလာမှာ ဖြစ်ပါတယ်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ရေတို၊ ရေရှည်လုပ်ငန်းစီမံချက်တွေ ချမှတ်ဆောင်ရွက်ဖို့ လိုအပ်ပြီး လူ့အဖွဲ့အစည်းတစ်ရပ်လုံးကလည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ပြတ်ပြတ်သားသားနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းမှာ ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်းဟာ အဂတိလိုက်စားမှုကို ထိရောက်စွာ တားဆီးကာကွယ် တိုက်ဖျက်ခြင်းဖြစ်သလို အဂတိလိုက်စားမှုအပေါ် သည်းခံခွင့်လွှတ်ခြင်း၊ နားလည်မှုပေးခြင်း၊ လျစ်လျူရှုခြင်းတို့ဟာ အားပေးရာရောက်တဲ့အတွက် လုံးဝမပြုလုပ်ကြဖို့ လိုအပ်ပါတယ်။

ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းက သတ်မှတ်ထားတဲ့ ယခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ ဦးတည်ချက်ကတော့ **“ဖြောင့်မတ်တည်ကြည်သော အနာဂတ်ဖော်ဆောင်ဖို့ အဂတိတိုက်ဖျက်၊ လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့”** ဖြစ်ပါတယ်။ အဲဒီလို ဦးတည်ချက်နဲ့အညီ ကော်မရှင်အနေနဲ့ အနာဂတ်အတွက် အရေးပါတဲ့လူငယ်တွေကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးခြင်းနဲ့ လူငယ်စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားပြီး အဂတိကင်းတဲ့ လူ့ဘောင်ဖြစ်လာအောင် စီစဉ်ဆောင်ရွက်သွားဖို့ လိုအပ်ကြောင်း အသိပေးမှာကြားလိုပါတယ်။

**☆ အဂတိကင်းစင်တဲ့ လူ့အသိုက်အဝန်းဖြစ်လာရေးအတွက် ရှိနေဆဲဖြစ်တဲ့ အဂတိလိုက်စားမှုတွေ လျော့ပါးသွားအောင် အဂတိလိုက်စားမှုဖြစ်စဉ်တွေကို စုံစမ်းစစ်ဆေးတိုက်ဖျက်ရမှာဖြစ်သလို နောင်အနာဂတ်မှာ ပပျောက်သွားတဲ့အထိ လိုအပ်တဲ့ ပြင်ဆင်မှု၊ စီမံမှု၊ ဆောင်ရွက်မှုတွေနဲ့ ကြိုးပမ်းဆောင်ရွက်ကြဖို့လည်းလို**

ဖြောင့်မတ်တည်ကြည်မှုရှိခြင်းဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အဆောက်အအုံရဲ့ အရေးကြီးတဲ့မဏ္ဍိုင်တစ်ရပ် ဖြစ်ပါတယ်။ လူပုဂ္ဂိုလ်တစ်ဦးဦး၊ လူ့အဖွဲ့အစည်းတစ်ရပ်ရပ်ရဲ့ စီးပွားရေးနဲ့ လူမှုရေးမှာ ယုံကြည်စိတ်ချရမှုနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေး၊ ကိုယ်စိတ်နှစ်ပါးချမ်းသာရေးနဲ့ သာယာဝပြောရေးတို့အတွက် ဖြောင့်မတ်တည်ကြည်မှုဟာ မရှိမဖြစ် လိုအပ်ချက်ဖြစ်ပါတယ်။ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးကို ထိရောက်မှုရှိစေဖို့အတွက် ဖြောင့်မတ်တည်ကြည်စွာ ဆောင်ရွက်မှုတွေကို အုပ်ချုပ်ရေးအပိုင်းမှာသာမက ဥပဒေပြုရေးနဲ့ တရားစီရင်ရေးကဏ္ဍတွေအတွက်ပါ ထည့်သွင်းစဉ်းစား ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီလို လုပ်ဆောင်ချက်တွေကို အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းတွေမှာသာမက လူပုဂ္ဂိုလ်တစ်ဦးချင်းနဲ့ ပုဂ္ဂလိကကဏ္ဍကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။ ဒါမှသာ နိုင်ငံတော်နဲ့ အများပြည်သူရဲ့ အကျိုးစီးပွားကို ကောင်းမြတ်တဲ့ စိတ်စေတနာ၊ ဖြောင့်မတ်တည်ကြည်တဲ့ ကိုယ်ကျင့်တရားတို့နဲ့ ဆောင်ရွက်သွားစေနိုင်မှာ ဖြစ်ပါတယ်။

အဂတိကင်းစင်တဲ့ လူ့အသိုက်အဝန်းဖြစ်လာရေးအတွက် ရှိနေဆဲဖြစ်တဲ့ အဂတိလိုက်စားမှုတွေ လျော့ပါးသွားအောင် အဂတိလိုက်စားမှုဖြစ်စဉ်တွေကို စုံစမ်းစစ်ဆေး တိုက်ဖျက်ရမှာဖြစ်သလို နောင်အနာဂတ်မှာ ပပျောက်သွားတဲ့အထိ လိုအပ်တဲ့ ပြင်ဆင်မှု၊ စီမံမှု၊ ဆောင်ရွက်မှုတွေနဲ့ ကြိုးပမ်းဆောင်ရွက်ကြဖို့လည်း လိုပါတယ်။

အထူးအားဖြင့် အဂတိလိုက်စားမှုတွေဟာ ဘယ်လိုအကြောင်းအချက်တွေကြောင့် ဖြစ်ပေါ်လာရတာလဲဆိုတဲ့ အဂတိလိုက်စားမှုကို လက်ယပ်ခေါ်နေတဲ့ အခြေခံအရင်းအမြစ်တွေမှန်သမျှ ဖယ်ထုတ်နိုင်ဖို့ ကြိုးစားကြရမှာဖြစ်ပါတယ်။ အဲဒီလို ကြိုးစားတဲ့အခါမှာ ကိုင်တွယ်အသုံးပြုသူတွေက လိုအပ်သလို ဆွဲယူအသုံးချနိုင်တဲ့ ရှုပ်ထွေးပြီး လူအများနားလည်ရခက်ခဲတဲ့ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နဲ့ ညွှန်ကြားချက်တွေ၊ စည်းမျဉ်း၊ စည်းကမ်းတွေကို အများပြည်သူ လွယ်ကူရှင်းလင်းစွာ သိရှိနားလည်နိုင်တဲ့ ဖော်ပြချက်တွေနဲ့ ပြုပြင်ဖို့ ကိစ္စရပ်တွေလည်း ပါဝင်လာမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာ စီမံချက်တွေရေးဆွဲရာမှာ ထည့်သွင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

မိမိတို့အစိုးရအနေနဲ့ ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် **“တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး”**ဆိုတဲ့ အမျိုးသားရေး ရည်မှန်းချက်နဲ့ **“စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး”**ဆိုတဲ့ နိုင်ငံရေး ရည်မှန်းချက်တို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီအနေနဲ့ **“ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင်းတသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး”** ဦးတည်ချက် ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်ဖို့အတွက် လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ဖို့၊ ရွေးကောက်ပွဲမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိဖို့၊ လွတ်လပ်ပြီး တရားမျှတမှုရှိတဲ့ ရွေးကောက်ပွဲကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းစဉ်တွေမှာ ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြဖို့ကိုလည်း တိုက်တွန်းမှာကြားလိုပါတယ်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေမှာ ဖြစ်ပွားတတ်တဲ့ ရွေးကောက်ပွဲဆိုင်ရာ မလျော်ကန်တဲ့လုပ်ရပ်များနဲ့ ဥပဒေနဲ့ဆန့်ကျင်တဲ့ အပြုအမူများရှောင်ရှားပြီး အဂတိတရားကင်းရှင်းစွာနဲ့ သမာသမတ်ကျကျ၊ တရားမျှတပြီး လွတ်လပ်တဲ့၊ သိက္ခာရှိတဲ့ရွေးကောက်ပွဲဖြစ်စေဖို့ တာဝန်ရှိသူများနဲ့ ပြည်သူအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့လည်း မှာကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ အဂတိလိုက်စားမှုကို လုံးဝလက်မခံတဲ့ ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးနဲ့ အကျင့်ပျက်ခြစားမှုတွေ မရှိစေရေးအတွက် အခြေခံအကျဆုံးဖြစ်တဲ့ အသိပညာပေးရေးနဲ့ တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်တွေကိုပါ ဟန်ချက်ညီညီ ချဉ်းကပ်ပြီး အလေးထားဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်က ချမှတ်ထားတဲ့ ဦးတည်ချက်များကို သွေဖည်၍ အဂတိလိုက်စားမှုကျူးလွန်သည့် မည်သူ့ကိုမဆို ကျောသားရင်သား မခွဲခြားဘဲ ဥပဒေနဲ့အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် အဂတိလိုက်စားမှုကို လုံးဝလက်မခံတဲ့ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့စပ်လျဉ်းတဲ့ အသိပညာတွေ တိုးပွားလာစေရေး၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိတဲ့ လူ့အဖွဲ့အစည်း ဖြစ်ပေါ်လာစေရေးတို့ကို အကောင်အထည်ဖော်ကြဖို့ လိုပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အများအကျိုးဆောင်ရွက်ခြင်းနဲ့ ကိုယ်ကျိုးရှာခြင်းတို့အကြား မှန်ကန်စွာခွဲခြားနိုင်စေရေးနဲ့ အကျင့်ပျက်ခြစားမှုတွေ မရှိစေရေးအတွက် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနဲ့ ပြည်သူလူထုအားလုံးက ပူးပေါင်းပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းတွေကို အတူတကွ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြဖို့ ပြောကြားရင်း (၂၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုလိုက်ရပါတယ်။

**အားလုံးကို ကျေးဇူးတင်ပါတယ်။**

**☆ စည်းကမ်းကောင်းမွန်ပြီး ဒီမိုကရေစီပြည့်ဝတဲ့ နိုင်ငံတော်တည်ဆောက်ရာမှာ သန့်ရှင်းသောအစိုးရနဲ့ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်များ လိုအပ်ပါတယ်။ ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်ရာမှာ အဂတိလိုက်စားမှုကင်းစင်ဖို့လိုအပ်ပြီး အဂတိလိုက်စားမှုဟာ ကောင်းမွန်တဲ့အုပ်ချုပ်ရေးအတွက် အဟန့်အတားဖြစ်စေပါတယ်။ ဒါ့ကြောင့် အဂတိကင်းပြီး ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ် တည်ဆောက်နိုင်မှသာ နိုင်ငံတော်ဟာ ဘက်ပေါင်းစုံမှာ ဖွံ့ဖြိုးတိုးတက်လာပြီး အများပြည်သူရဲ့ လူမှုဘဝတွေဟာလည်း မျှမျှတတနဲ့ သာယာဝပြောလာမှာဖြစ်**

---

❖ ရန်ကုန်မြို့မှ

ပြတိုက်အတွင်းရှိ Deep Space Exploration ပြခန်း၊ Space Station ပြခန်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ အာကာသသို့ ခေတ်အဆက်ဆက်လွှတ်တင်ခဲ့သည့် ဒုံးပျံများနှင့် အာကာသယာဉ်ပုံစံငယ်များ၊ အာကာသတွင်း လှည့်ပတ်သွားလာလျက်ရှိသည့် ဂြိုဟ်တုပုံစံငယ်များ၊ ဒုံးပျံလွှတ်တင်ရေးစခန်းမှ ဒုံးပျံလွှတ်တင်မှု သရုပ်ပြသမှုများနှင့် အာကာသနှင့် နက္ခတ်တာရာဆိုင်ရာ Dome Video Clip တို့ကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ပြတိုက်အတွင်း Deep Space Exploration ပြခန်း၊ Space Station ပြခန်းနှင့် အာကာသတွင်း စေလွှတ်ခဲ့သည့် ဒုံးပျံများ၊ အာကာသတွင်လှည့်ပတ်သွားလာလျက်ရှိသည့် ဂြိုဟ်တုများ၊ အာကာသတွင်း စူးစမ်းလေ့လာသည့် အာကာသယာဉ်နှင့် ယာဉ်မှူးများ၊ ဂြိုဟ်များ၊ နက္ခတ်တာရာများ အစရှိသည့် အာကာသဆိုင်ရာများကို ကြည့်ရှုလေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# မြန်မာနိုင်ငံကြက်ခြေနီအသင်း ကျန်းမာရေးဌာန Annual Review and Planning Meeting ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံကြက်ခြေနီအသင်း ကျန်းမာရေးဌာနက ပြုလုပ်သော Annual Review and Planning Meeting ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Best Western Green Hill Hotel ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့် တက်ရောက်အမှာစကားပြောကြားပြီး အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်တင်လေးက အစည်းအဝေးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း Delegation office မှ Relief Coordinator/Deputy Operation Manager Mr. Hajime Matsunaga က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အစည်းအဝေးဖွင့်ပွဲသို့ အသင်းဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ လက်ထောက်အထွေထွေအတွင်းရေးမှူး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့မှ ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကြက်ခြေနီကြီးကြပ်မှုကော်မတီဒုတိယဥက္ကဋ္ဌ၊ အသင်းဌာနချုပ်မှ ဒုတိယညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းနှင့် မိတ်ဖက်ကြက်ခြေနီအသင်းများမှ တာဝန်ရှိသူများ၊ စီမံချက်များမှ ဝန်ထမ်းများ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များ တက်ရောက်ခဲ့ပြီး အဆိုပါအစည်းအဝေးကို ဒီဇင်ဘာ ၈ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

## လူငယ်လူရွယ်များကို အဂတိလိုက်စားမှုသည် ကိုယ်ကျင့်တရားပျက်ယွင်းမှုအဖြစ် သိမြင်နားလည်ပြီး ထိန်းသိမ်းရှောင်ကြဉ် နေထိုင်ကြစေရန် အသိပညာပေးမှုများကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်



အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၉**

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ကျင်းပရာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ်ဦးအောင်လင်းဒွေး တက်ရောက် အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဋ္ဌေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆိုင်ရာ ဗီဒီယို၊ ပိုစတာနှင့် ပန်းချီ ပြိုင်ပွဲများတွင် ဆုရရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား အတွက်ပေးပို့သည့် Video Message ကို ပြသသည်။

**(နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် Video Message အား ရှေ့ဖုံးတွင် ဖော်ပြထားပါသည်။)**

ထို့နောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ်ဦးအောင်လင်းဒွေးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် ပြည်သူအခြေပြု နည်းလမ်းများဖြင့် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး တည်ဆောက်ရေးလုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အခြားအခြားသော အနှောင့်အယှက်၊ အဖျက်အမှောင့်၊ အခက်အခဲများနှင့်အတူ အဂတိလိုက်စားမှုသည်လည်း အဓိက အဟန့်အတားတစ်ခုဖြစ်နေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း။

အဂတိ လိုက်စားမှုများသည် နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေး နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် ဆက်နွှယ်ဖြစ်ပွားလျက်ရှိကြောင်း၊ အဂတိလိုက်စားမှုဆိုရာတွင် နိုင်ငံတော်ဘဏ္ဍာ၊ ငွေကြေးနှင့်ပစ္စည်းများကို အလွဲသုံးစားပြုမှုသာ မဟုတ်ဘဲ လုပ်ပိုင်ခွင့်အာဏာများကို အလွဲသုံးစားပြုခြင်း၊ မလျော်သြဇာ သုံးခြင်းလည်း ပါဝင်ပါကြောင်း။

**ကိုယ်ကျင့်သိက္ခာ မြှင့်တင်ရေးသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသူများအနေဖြင့် အဂတိကင်းစင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရန်အတွက် ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေးသည် မရှိမဖြစ် လိုအပ်ချက် ဖြစ်နေသည်မှာ အားလုံး အသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အနာဂတ်မျှော်မှန်းချက်များချမှတ်ပြီး မဟာဗျူဟာ စီမံချက်တွင် အစိတ်အပိုင်းတစ်ခု အနေဖြင့် ရေးဆွဲဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များကို ခိုင်ခိုင်မာမာ ချမှတ်ထားရန်နှင့် အများပြည်သူတို့၏ မျှော်လင့်ချက်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးရည်မှန်းချက်များကို နီးကပ်နိုင်သမျှ နီးကပ်မှုရှိစေရေး ကြိုးစားအားထုတ်ရန် လိုအပ်ကြောင်း။

အဂတိ လိုက်စားမှုသည် ကိုယ်ကျင့်တရားဆိုင်ရာ အားနည်းချို့ယွင်းမှု၊ ကိုယ်ကျင့်တရား ပျက်ယွင်းခြင်းဖြစ်သည် ဆိုသည်ကို ငယ်စဉ်ကတည်းက သိမြင်နားလည်ပြီး အဂတိလိုက်စားမှု ပြုလုပ်ခြင်းသည် ရှက်ရွံ့စရာတစ်ခုဖြစ်ကြောင်း အသိတရား ပြည့်ဝလာရန်အတွက် သွန်သင်ဆုံးမမှု၊ အသိပညာပေးမှုများ လိုအပ်ကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ်ကစပြီး လူငယ်လူရွယ်များကို အဂတိလိုက်စားမှုသည် ကိုယ်ကျင့်တရားပျက်ယွင်းမှု အဖြစ် သိမြင်နားလည်ပြီး ထိန်းသိမ်းရှောင်ကြဉ် နေထိုင်ကြစေရန် အသိပညာပေးမှုများကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

လူငယ်လူရွယ် ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ကြားစဉ်အချိန်တွင် ကိုယ်ကျင့်တရား ကောင်းမွန်ပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာတတ်သည့် အလေ့အထကောင်းများ ဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ ကျောင်းသင်အတတ်ပညာများသာမက စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး အသိပညာမြင့်မားရေး၊ တိုင်းချစ်ပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်များ ရှင်သန်မြင့်မားရေးတို့ကို စနစ်တကျ လေ့ကျင့်သင်ကြားပေးခြင်း စသည်ဖြင့် စည်းကမ်းရှိသည့် ပညာတတ် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးသွားနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များတွင် ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ ပညာပေး အစီအစဉ်များ၊ လူငယ်စကားဝိုင်းများကို ကော်မရှင်အနေဖြင့် အင်တိုက်အားတိုက် ကျင်းပပြုလုပ်နေသည်ကို တွေ့ရပြီး ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း။

ကော်မရှင်အနေဖြင့် ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ ပညာပေးအစီအစဉ်များသာမက အစိုးရဌာနများတွင် အသေးစား အဂတိလိုက်စားမှုများ လျော့ပါးပျောက်ကွယ်စေရန်နှင့် ဌာနဆိုင်ရာဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စေရန် ရည်ရွယ်ချက်များနှင့် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များ ဖွဲ့စည်းထားကြောင်း၊ ထို့ပြင် ပြည်သူများကို ဝန်ဆောင်မှုပေးနေသည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် အကြံဉာဏ်များ ရယူသည့် ပြည်သူ့ထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (PFP) ဆောင်ရွက် နေသည်ကိုလည်း တွေ့ရှိရကြောင်း။

ထိုသို့ ကောင်းမွန်သည့် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်မှုများသည် ဖြောင့်မတ်တည်ကြည်မှုနှင့် တရားမျှတမှုတို့ လွှမ်းခြုံနေသည့်အနာဂတ်ကို တည်ဆောက်ရာတွင် တစ်ဖက်တစ်လမ်းက အထောက်အကူပြုသည့်အတွက်

**စာမျက်နှာ ၅ သို့**



အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဗီဒီယိုပြိုင်ပွဲ အသက် ၁၆-၂၀နှစ်ပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုချီးမြှင့်စဉ်။



အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပန်းချီပြိုင်ပွဲ အသက် ၂၁-၂၅နှစ်ပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုချီးမြှင့်စဉ်။

❂ စာမျက်နှာ ၄ မှ

လူသားတိုင်း ခံစားရရှိနိုင်မည့် အခွင့်အရေးများကို လက်လှမ်းမီစေပြီး စိတ်ရောကိုယ်ပါ ကျန်းမာသန်စွမ်းသည့် လူနေမှုဘဝကို ပိုင်ဆိုင်စေနိုင်မည် ဖြစ်ကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂ၏ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် ပါရှိသည့် ရည်မှန်းချက်ပန်းတိုင် ၁၇ ခုထဲက ပန်းတိုင် (၁၆)ကို အခြေခံပြီး မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း MSDP မဟာဗျူဟာ ၁-၄ တွင် "ကောင်းမွန်သော အုပ်ချုပ်မှု၊ တာဝန်ယူမှု/တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုမြှင့်တင်ရေး"ကို ရေးဆွဲထားကြောင်း၊ ထိုသို့ရေးဆွဲချမှတ်ထားသည့် မဟာဗျူဟာနှင့်အညီ ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားကို ပိုမိုခိုင်မာအားကောင်းစေပြီး အဂတိလိုက်စားမှုကင်းစင်သည့် အခြေခံအုတ်မြစ်ပေါ်တွင် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်မည် ဖြစ်ကြောင်း။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တစ်ဦးတစ်ယောက်ကစပြီး ကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန်နှင့် အဂတိလိုက်စားမှုကို လက်မခံသော ဖြောင့်မတ်တည်ကြည်မှုရှိသည့် လူမှုအသိုက်အဝန်းတစ်ရပ် ဖန်တီးဖော်ဆောင်နိုင်စေရေး ဦးတည်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကော်မရှင်အနေဖြင့်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၏ ရည်ရွယ်ချက်ဖြစ်သည့် အဂတိလိုက်စားမှုကြောင့် နိုင်ငံတော်ပိုင်ပစ္စည်း၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ပိုမိုပွင့်လင်းမြင်သာပြီး ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များ အောင်မြင်စေရန် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားတွင် အရေးပါသည့် နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းများသာမက ကဏ္ဍအသီးသီး၊ အဖွဲ့အစည်းအသီးသီးက အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးအား အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦးက အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်တံဆိပ်ကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဗီဒီယိုပြိုင်ပွဲတွင် အသက်အုပ်စုအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာပြိုင်ပွဲတွင် အသက်အုပ်စုအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား လည်းကောင်း၊ ကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ပန်းချီပြိုင်ပွဲတွင် အသက်အုပ်စုအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ဗီဒီယိုပြိုင်ပွဲတွင် အသက်အုပ်စုအလိုက် ပထမဆုရရှိခဲ့သည့် ဗီဒီယိုများကိုပြသပြီး ကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှုဆောင်ချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တစ်နှစ်တာဆောင်ရွက်မှု Video Clip ကို ကြည့်ရှုကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ ဖြောင့်မတ်တည်ကြည်မှု၊ စုံစမ်းစစ်ဆေးခြင်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် စာအုပ်များကို လှည့်လည်ကြည့်ရှုကြသည်။

ယခုနှစ် (၂၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ကို "ဖြောင့်မတ် တည်ကြည်သော အနာဂတ်ကိုဖော်ဆောင်ဖို့ အဂတိတိုက်ဖျက်၊ လူငယ်များနှင့်လက်ချင်းဆက်ကြပါစို့" (Uniting with Youth against Corruption: Shaping Tomorrow's Integrity) ဦးတည်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၉**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်၊ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွိုင်လင်ခရိုင်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံ အမှာစကားပြောကြားပြီး အုတ်ခြံစည်းရိုးကာရံခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပင်လုံမြို့ ကွက်သစ်မှ ဝမ်အင်ဘုန်းတော်ကြီးကျောင်းသို့ ဆက်သွယ်ထားသည့်ကျောက်ချောလမ်းပေါ်၌ ၂၈၆၈ ပေ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ စနစ်တကျတူးဖော်ရန် မှာကြားပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပင်လုံမြို့ရှိ လွိုင်လင်-လဲချား လမ်းမကြီးမှ မေတ္တာအေးရိပ် ဘုန်းတော်ကြီးသင် ပရဟိတ ပညာရေးကျောင်းသို့ ဆက်သွယ်ထားရှိသည့် ကျောက်ချောလမ်း တစ်မိုင် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ ပင်လုံမြို့ ကျက်သရေဆောင် မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေသည့် စေတီတော်ရင်ပြင်ပတ်လမ်း ကြွေပြားအသစ်လဲလှယ် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ပင်လုံမြို့ ကွက်သစ်မှ ဝမ်အင်ဘုန်းတော်ကြီးကျောင်းသို့ ဆက်သွယ်ထားသည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း(ပင်လုံ)၌ သင်တန်းကျောင်း ကျောင်းအုပ်၊ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံပြီး သင်ကြားပေးနေသော စာပေအတတ်ပညာများကို အပတ်တကုတ် လေ့လာသင်ယူသွားကြရန်၊ အတတ်ပညာများအပြင် ပြင်ပဗဟုသုတများကို လေ့လာဆည်းပူး၍ အသိပညာများ ဖွံ့ဖြိုးတိုးတက်အောင် အမှန်နှင့်အမှား ကွဲပြားစွာဝေဖန်ပိုင်းခြားနိုင်သော လူတော်လူကောင်းများဖြစ်အောင် ကြိုးစားကျင့်ကြံနေထိုင်သွားကြရန်၊ ဆရာ ဆရာမများနှင့် နည်းပြများအနေဖြင့် ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များအပြင် အတွေးအခေါ်အသိအမြင်နှင့် အယူအဆကောင်းများ၊ ဗလငါးတန်နှင့်ပြည့်စုံ၍ နောင်တစ်ချိန်တွင် နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် နိုင်ငံ့ဝန်ထမ်းကောင်းများ၊ ခေါင်းဆောင်ကောင်းများ ဖြစ်အောင် ရည်မှန်းချက်များနှင့်အညီ လေ့ကျင့်သင်ကြား ပျိုးထောင်သွားကြရန်မှာကြားကာ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူရည်ချွန်ဆု ရရှိသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်၍ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်အတူ ဟိုပုံးမြို့နယ် ဟွေ့ရေခေါက်-ဒုံလိတန်ကျေးရွာချင်းဆက် ကျောက်ချောလမ်း ၁၂ မိုင် နှစ်ဖာလုံ အနက် လေးဖာလုံ ကတ္တရာခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်တွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အထက(၁) ပညာခန်းမ၌ ကျင်းပသည်။

**ဆွေးနွေးဟောပြော**

ဦးစွာ ဒေါပုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေဇင်ဖြိုးက အမှာစကားပြောကြားပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးအကြောင်းအရာများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဇော်လှိုင်က ဟောပြောဆွေးနွေးသည်။ ထို့နောက် မြို့နယ်ဥပဒေအရာရှိ ဒေါ်အေးသက်ပိုင်က အိမ်တွင်းအကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ အကြောင်းအရာများနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး(၂) ဒေါ်ကိုးယိမ်းက အိမ်တွင်းအကြမ်းဖက်ခံရသူများ ပြန်လည်ထူထောင်ရေးနှင့် ကုသရေး နှစ်သိမ့်ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထူးထက်က ကျေးဇူးတင်စကားပြောကြားပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက အမျိုးသမီး အကြမ်းဖက်ဆိုင်ရာ အကြောင်းအရာများနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ချစ်စုဝေ(ပြန်/ဆက်)**

# မြန်မာ့လူ့အခွင့်အရေးယာဉ်ကြီးဖြင့်....

မင်းဝီရ

**ကျွန်တော်အပါအဝင် လောကလူသားများသည် တစ်စုံတစ်ခုကို လိုချင်တပ်မက်စိတ်ဖြင့် အမြဲတမ်း အသက်ရှင်နေထိုင်တတ်ပါသည်။ ထိုတစ်စုံတစ်ခုကို ပိုင်ဆိုင်ခွင့်ရရှိပြီးလျှင်လည်း နောက်ထပ်လိုချင်သောအရာ တစ်ခု ထပ်မံပေါ်ပေါက်လာတတ်ပြန်ပါသည်။ လူအများသည် မိမိပတ်ဝန်းကျင်နှင့် လောကအပေါ် အနိုင်ယူလိုစိတ်များလာသည်နှင့်တစ်ပြိုင်နက် ကိုယ်ချင်းစာတရားများ ပျောက်ဆုံးလာပြီး အတောမသတ်နိုင်သည့် လူသားတို့၏ အတ္တ၊ လောဘ၊ မာန်မာနများသည်ပင်လျှင် လူ့အခွင့်အရေးများ ချိုးဖောက်လာရခြင်း၏ မူလဇာစ်မြစ်တစ်ခုဟု ကျွန်တော်ထင်မြင်ယူဆမိပါသည်။**

၁၉၄၅ ခုနှစ်တွင် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့၌ ကျင်းပသော ကုလသမဂ္ဂညီလာခံကို နိုင်ငံပေါင်း ၅၀ မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ယင်းကိုယ်စားလှယ်များက ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၏ အခြေခံ သွေးကြောဖြစ်သော ကုလသမဂ္ဂ ပဋိညာဉ် (Charter of United Nation) ကို ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့သည်။ ယင်းအချိန်က ပိုလန်နိုင်ငံသည် စစ်ကြောင့် ညီလာခံမတက်ရောက်နိုင်သော်လည်း နောက်ပိုင်းမှာ အတည်ပြုခဲ့သဖြင့် ကုလသမဂ္ဂ စတင်ဖွဲ့စည်းစဉ် နိုင်ငံ ၅၁ နိုင်ငံရှိခဲ့ပါသည်။

ယခုအခါ ကုလသမဂ္ဂအဖွဲ့ကြီးသည် ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် တောင်ဆူဒန်နိုင်ငံ အဖွဲ့ဝင်ဖြစ်လာခဲ့သဖြင့် အဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံအထိ ရှိလာခဲ့ပြီဖြစ်သည်။ ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ (UNGA)က ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights) ကို ထုတ်ပြန်ခဲ့သည်။ ယင်းစာတမ်းသည် ဥပဒေအရ စည်းနှောင်မှုရှိသည့် အပြည်ပြည်ဆိုင်ရာဥပဒေ (International Law) မဟုတ်သော်လည်း အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ (International Customary Law) ဟု သတ်မှတ်ကြသဖြင့် (moral force) ရှိပါသည်။ ထို့ပြင် စာတမ်းထုတ်ပြန်ခဲ့သည့် ယင်းနေ့ကိုပင် ကမ္ဘာ့လူ့အခွင့်အရေးနေ့ (International Human Rights Day) အဖြစ် ၁၉၅၀ ပြည့်နှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက ချမှတ်ခဲ့သည်။




**လူ့အခွင့်အရေး၏တန်ဖိုး**

လူသားအားလုံးသည် မွေးလာသည်မှစ၍ လွတ်လပ်ပြီး တန်းတူညီမျှသော လူ့ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးများ ရှိသည်။ လူသားအားလုံး အသားအရောင်မတူ၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ လိင်၊ လူမှုရေး၊ နိုင်ငံရေး မတူကွဲပြားမှုများကတစ်ပိုင်း၊ လူသားသည်သာ လူသားဖြစ်၍ လူသားအားလုံးသည် တန်းတူအခွင့်အရေး ခံစားရမည်။ လူ့အခွင့်အရေးသည် လူသားအားလုံးအတွက် ဖြစ်ရပေမည်။ လူ့အခွင့်အရေးသည် အားလုံးအတွက် တစ်ပြေးညီတည်း ရှိရပေမည်။ ပိုသည်လိုသည်ဟူ၍ မရှိရပါ။ အခြားအခွင့်အရေးသည် အခြားသောအခွင့်အရေးထက်ပိုပြီး အရေးကြီးသည် မရှိ။ အားလုံးအရေးကြီးသည်။ လူ့အခွင့်အရေးသည် ဥပဒေကို လေးစားရန်လည်းလိုပါသည်။ ဥပဒေသည်လည်း လူ့အခွင့်အရေးကို ကာကွယ်ပေးသော၊ စောင့်ရှောက်သော၊ အကျိုးပြုသော ဥပဒေဖြစ်ရပါမည်။ လူ့အခွင့်အရေးအကြောင်းပြောပါက ဒီမိုကရေစီကို ချန်လှပ်ခဲ့၍ မရပေ။

ထို့အပြင် လူ့အခွင့်အရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂ၏ အချက် ၃၀ ပါ ယေဘုယျသတ်မှတ်ချက်များသည် မျှတမှန်ကန်သော အချက်များဖြစ်သဖြင့် မလိုက်နာစရာအကြောင်းမရှိပါ။ သို့သော် အခြေအနေနှင့် အချိန်အခါအပေါ် မူတည်၍ အချို့အချက်များမှာ အပြည့်အဝလိုက်နာရန် အနည်းငယ် အခက်အခဲရှိနိုင်ပါသည်။ ယင်းသည်လည်း အခြေအနေအရ ခေတ္တခဏမျှသာဖြစ်ပြီး နောင်တွင် အပြည့်အဝလိုက်နာနိုင်မည်ဟု ထင်ပါသည်။ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ယဉ်ကျေးမှု၊ ကိုးကွယ်ရာဘာသာ၊ သဘာဝပတ်ဝန်းကျင် မတူညီ ကွဲပြားခြားနားသလို လူ့အခွင့်အရေး စံနှုန်း သတ်မှတ်ချက်များသည်လည်း အသီးသီးမတူညီဘဲ ကွဲပြားနေမည်မှာ အမှန်ပင်ဖြစ်ပါသည်။

**ဗုဒ္ဓဘာသာ၏ လူ့အခွင့်အရေး**

ဗုဒ္ဓဘာသာတွင် လူသားအားလုံးသည် အတူတူ၊ တန်းတူညီမျှဖြစ်သည် ဆိုသောအယူအဆက လူ့အခွင့်အရေး၏ အခြေခံယူဆချက်အဖြစ် ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ပြင် ဗုဒ္ဓဘာသာဝင်တိုင်း လိုက်နာစောင့်စည်းအပ်သော ငါးပါးသီလသည်လည်း လူ့အခွင့်အရေးအယူအဆများ၏ အသက်အဖြစ် ပါဝင်နေကြောင်း တွေ့ရှိရပြန်သည်။ သူတစ်ပါးအသက်ကိုမသတ်ခြင်း၊ သူများပစ္စည်းဥစ္စာကို ခိုးယူမှုမပြုခြင်း၊ သူများအိမ်ရာကို မပြစ်မှားခြင်း၊ လိမ်လည်ပြောဆိုမှုမပြုလုပ်ခြင်း အစရှိသောအချက်များသည် (Respect to Other Rights) ဆိုသည့် တစ်ပါးသူများ၏ အခွင့်အရေးကို လေးစားရန်ဟူသော အခြေခံလူ့အခွင့်အရေး အတွေးအခေါ်များပင်ဖြစ်သည်။

**ခရစ်ယာန်ဘာသာ၏ လူ့အခွင့်အရေး**

ခရစ်ယာန်ဘာသာကို ဘီစီ ၄ ရာစုခန့်တွင် မွေးဖွားခဲ့သော ဂျူးလူမျိုး ယေရှုခရစ်တော်က တည်ထောင်ခဲ့ပြီး ဘာသာရေးအတွက် အထွတ်အထိပ်ပုဂ္ဂိုလ်မှာ ထာဝရဘုရားသခင်ဖြစ်သည်။ ခရစ်ယာန်ဘာသာတွင် ဘုရားသခင်က လူသားများကိုပေးအပ်သော လူ့အခွင့်အရေးများကို ဖော်ပြထားသည်။ ခရစ်ယာန်ဘာသာသည် ဇာတ်ခွဲခြားခြင်းမရှိ၊ ဆင်းရဲချမ်းသာ ခွဲခြားခြင်းမရှိ၊ နူနာရောဂါရှိသူ၊ သူတောင်းစားမှစ၍ အားလုံးကို သာတူညီမျှ သဘောထားသည်။ သနားညှာတာခြင်း၊ ကူညီစောင့်ရှောက်ခြင်း၊ ကယ်တင်ခြင်းစသော မေတ္တာတရားများသည် ခရစ်ယာန်ဘာသာတွင် ပါဝင်သော လူ့အခွင့်အရေးများပင်ဖြစ်ပေသည်။

**အစ္စလာမ်ဘာသာ၏**
**လူ့အခွင့်အရေး**

အစ္စလာမ်ဘာသာစတင်မွေးဖွားပေးသူမှာ အာရပ်လူမျိုး မိုဟာမက်ဖြစ်ပြီး ဘာသာရေး၏ အထွတ်အထိပ်ပုဂ္ဂိုလ်မှာ အလ္လာဟ်ဘုရားသခင်ဖြစ်သည်။ ကျမ်းစာမှာ ကိုရမ်ကျမ်းဖြစ်သည်။ လူ့အခွင့်အရေးနှင့်ပတ်သက်၍ အခြေခံအချက်ကြီး ငါးချက်ပါရှိသည်။ ထိုအချက်များထဲမှ အချက်သုံးချက်မှာ ဆင်းရဲသူများအား မိမိတို့ ကြွယ်ဝချမ်းသာမှု၏ တစ်စိတ်တစ်ပိုင်းကို အလှူဒါနပြုရမည်။ မိဘမဲ့ကလေးများကို စောင့်ရှောက်ရမည်။ မိဘမဲ့ဂေဟာများကို တည်ထောင်ပေးကြရမည်။ အရွယ်မရောက်သေးသော မိဘမဲ့ကလေးများ၏ ပစ္စည်းဥစ္စာကို ဖြောင့်မတ်မှန်ကန်သော ပုဂ္ဂိုလ်များက ထိန်းသိမ်းစောင့်ရှောက်ပေးရမည်။ အစ္စလာမ်ဘာသာ၌ ဇာတ်ခွဲခြားခြင်းမရှိ။ အားလုံးသည် အတူတူပင်ဖြစ်သည်။ ဤအချက်များသည် အစ္စလာမ်ဘာသာ၏ လူ့အခွင့်အရေးဆိုင်ရာ အခြေခံအချက်များပင် ဖြစ်ပေသည်။

ထို့အပြင် သဘာဝပတ်ဝန်းကျင်၏ တန်ဖိုးကိုသိရှိ၍ အလေးထားခြင်းသည်လည်း လူ့အခွင့်အရေးကို လေးစားခြင်း တစ်ရပ်အဖြစ် ဆက်နွှယ်ပတ်သက်နေပါသည်။ သဘာဝပတ်ဝန်းကျင်က လူသားများအပေါ် လက်ဆောင်ပေးထားသော ကောင်းကင်၊ ပင်လယ်သမုဒ္ဒရာ၊ မြစ်ချောင်း၊ အင်းအိုင်၊ သစ်တော၊ အိုဇုန်းလွှာ အစရှိသည်တို့သည် လူသား၊ တိရစ္ဆာန်များနှင့် သဘာဝပတ်ဝန်းကျင်၏ ဂေဟစနစ်အရ အပြန်အလှန် မှီခိုလျက်ရှိပါသည်။

လူသားတို့၏ မတော်လောဘများကြောင့် ထိုသဘာဝပတ်ဝန်းကျင်များ အဆမတန် ပြုန်းတီးဖျက်ဆီးခံရမှုများမှ တစ်ဆင့် ဂေဟစနစ်များ မကောင်းမွန်တော့သည့်အတွက် ရေကြီးခြင်း၊ တောင်ပြိုခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ငလျင်လှုပ်ခြင်း၊ တောမီးလောင်ခြင်း၊ ဂေဟစနစ်ကို ထိန်းကျောင်းပေးသည့် ရှားပါးသတ္တဝါများဖြစ်သည့် လင်းပိုင်၊ ဝေလငါး အစရှိသည့် သတ္တဝါများ မျိုးတုံးလုနီးပါး ဖြစ်လာခြင်းကြောင့် သဘာဝကပ်ဘေးအမျိုးမျိုးကို ယနေ့အချိန်အခါတွင် လူသားများ မကြာခဏ ခံစားရလျက်ရှိပါသည်။ မည်သည့်နေရာဒေသ၌မဆို သဘာဝကပ်ဆိုးတစ်ခု ကျရောက်လာပြီဆိုလျှင် အစာရေစာ ရှားပါးခြင်း၊ ကုန်စျေးနှုန်းများ အဆမတန်မြင့်တက်လာခြင်း၊ ပညာသင်ကြားခွင့်ဆုံးရှုံးခြင်း၊ ကောင်းမွန်သော ကျန်းမာရေး စောင့်ရှောက်ခွင့်မရရှိခြင်း၊ အစာအာဟာရပြတ်ခြင်းများကြောင့် နောက်ဆုံးတွင် လူ၏ အသက်ရှင်ရပ်တည်ခွင့်ကိုပါ အလိုအလျောက် ဆုံးရှုံးခံစားကြရမည်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် ကမ္ဘာပေါ်တွင် မဟာအင်အားကြီးနိုင်ငံများဖြစ်သည့် အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုနိုင်ငံနှစ်ခုတည်း အားပြိုင်မှုများရှိခဲ့သည့်အတွက် (Balance of Power) အနေအထားဖြင့် ရှိခဲ့သော်လည်း ၁၉၉၁ ခုနှစ်နောက်ပိုင်း ဆိုဗီယက်ပြည်ထောင်စုနိုင်ငံတော်ကြီး ပြိုကွဲခဲ့သည့်အတွက် Bipolar မှ မဟာအင်အားကြီး အမေရိကန်တစ်နိုင်ငံတည်းသာ ရှိတော့သည့် Unipolar ခေတ်ကို ရောက်ရှိလာသည်။ ထိုမှတစ်ဆင့် ယခုအခါ ကမ္ဘာကြီးသည် Multipolar ပုံစံအနေအထားဖြင့် Globalization ခေတ်ကို ရောက်ရှိနေပြီဖြစ်သည်။ ကမ္ဘာကြီး၏ Globalization ခေတ်တွင် အင်အားကြီးနိုင်ငံများ၏ အမျိုးသားအကျိုးစီးပွားအတွက် နိုင်ငံငယ်များအပေါ် လူ့အခွင့်အရေးဖန်းပြပြီး နိုင်ငံရေးအတွက် အသုံးချနေကြရာ အသုံးချခြင်းမခံရစေဖို့ သတိရှိရန် လိုအပ်ပါသည်။

မည်သို့ပင်ဆိုပါစေ မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ ခံစားခွင့်များကို ပြည်သူများ အပြည့်အဝခံစားခွင့် ရရှိရေးအတွက် မှန်ကန်သောလုပ်ဆောင်ချက်များဖြင့် လျှောက်လှမ်းနေသည်ဖြစ်ရာ မြန်မာနိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးမှုများ၊ အေးချမ်းမှုများ၊ သာယာမှုများ၊ စီးပွားရေးတိုးတက်မှုများသည် အဆင်သင့် ဆီးကြိုနေပါသည်။ ယင်းသို့ သာယာအေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ်သို့ ရောက်ရှိရန် အမြန်ပို့ဆောင်ပေးမည့်ယာဉ်ကြီးသည် မြန်မာ့လူ့အခွင့်အရေးယာဉ်ကြီးပင်ဖြစ်ကြောင်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၇)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုရေးသား တင်ပြလိုက်ရပါသည်။ ။

**"မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ ခံစားခွင့်များကို ပြည်သူများ အပြည့်အဝခံစားခွင့် ရရှိရေးအတွက် မှန်ကန်သောလုပ်ဆောင်ချက်များဖြင့် လျှောက်လှမ်းနေသည်ဖြစ်ရာ မြန်မာနိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးမှုများ၊ အေးချမ်းမှုများ၊ သာယာမှုများ၊ စီးပွားရေးတိုးတက်မှုများသည် အဆင်သင့်ဆီးကြိုနေပါသည်။ ယင်းသို့ သာယာအေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ်သို့ ရောက်ရှိရန် အမြန်ပို့ဆောင်ပေးမည့်ယာဉ်ကြီးသည် မြန်မာ့လူ့အခွင့်အရေးယာဉ်ကြီးပင်ဖြစ်"**

# လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး ကော်မရှင်မှစောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ်များ ဆောင်ရွက်သွားမည်

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**သတင်းထုတ်ပြန်ချက်အမှတ် (၁၇/၂၀၂၅)**

၁။ လူသားအားလုံး၏ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်၊ လုံခြုံခွင့် စသည့် အခြေခံအခွင့်အရေးများပါဝင်သော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအား ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ယင်းနေ့ကို အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အဖြစ် သတ်မှတ်ခဲ့ရာ ယနေ့တွင် (၇၇) နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းမှ မြစ်ဖျားခံလာခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် လူသားအားလုံးအတွက် အဓိကအကျဆုံး ကြေညာစာတမ်းဖြစ်ပါသည်။ လူသားများ၏ မွေးရာပါဂုဏ်သိက္ခာနှင့် တန်းတူညီမျှရှိမှုကို အသိအမှတ်ပြုထားသော ယင်းကြေညာစာတမ်းကို ကုလသမဂ္ဂအထွေထွေ ညီလာခံ၌ မဲခွဲရာတွင် မြန်မာနိုင်ငံက ပါဝင်ထောက်ခံမဲပေးခဲ့ရုံသာမက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင်လည်း ကြေညာစာတမ်းပါ အခွင့်အရေးများကို ထင်ဟပ်ပြဋ္ဌာန်းထားပါသည်။

၃။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အခြေပြု၍ ပေါ်ပေါက်လာသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေများကို အလေးထားသည့်အနေဖြင့် မြန်မာနိုင်ငံကလည်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ် (၄) ခုနှင့် နောက်ဆက်တွဲစာချုပ် (၂) ခု တွင် ပါဝင်ချုပ်ဆို ထားပါသည်။ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ် (UPR)တွင်လည်း မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၂၅ ခုနှစ် အတွင်း နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ချက်အနေဖြင့် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် ကျင်းပပြုလုပ်သည့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (SEANF) ၏ နှစ်ပတ်လည်အစည်းအဝေးသို့ ကိုယ်တိုင်တက်ရောက်ခဲ့ပါသည်။ ရုရှားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ဒစ်ဂျစ်တယ်လူ့အဖွဲ့အစည်းတွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်းနှင့် စပ်လျဉ်းသော (၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့်လက်တွေ့အသုံးချညီလာခံသို့လည်း ကိုယ်တိုင်ပါဝင်တက်ရောက်ခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေးကော်မရှင်နှင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်တို့အကြား လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးကဏ္ဍများတွင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ (Memorandum of Cooperation) ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ထို့ပြင် အခြားနိုင်ငံတကာအစည်းအဝေးများသို့ Online platform မှ (၁၂) ကြိမ် တက်ရောက်ခဲ့ပါသည်။

၅။ မြန်မာနိုင်ငံအမျိုးသားလူအခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၅ ခုနှစ်အတွင်း လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေး ဆောင်ရွက်ချက်များအနေဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လူ့အခွင့်အရေးအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲများ၊ သင်ခန်းစာပို့ချခြင်းများ ပြုလုပ်ခဲ့ပြီး သင်တန်းသားပေါင်း (၇၂၉၀) ဦးကို အသိပညာမျှဝေပေးခဲ့ပါသည်။ ကော်မရှင်၏ဥပဒေဆိုင်ရာ ဆောင်ရွက်ချက်အနေဖြင့် အဆိုပြုဥပဒေကြမ်း (၅) ခု အပေါ် လူ့အခွင့်အရေးဆိုင်ရာ အကြံပြုချက်များ ပေးပို့ခဲ့ပါသည်။ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (CRPD) နှင့် နောက်ဆက်တွဲစာချုပ် (CRPD – OP)၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ် (CEDAW– OP) တို့ကို ဘာသာပြန်ဆို ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ထို့ပြင် “မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်” အကြောင်း သရုပ်ဖော်ပုံစာအုပ်အား မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာနှင့် ရုရှားဘာသာတို့ဖြင့် ဘာသာပြန်ဆိုပုံနှိပ်၍ ပြည်တွင်းသာမက နိုင်ငံတကာအစည်းအဝေးများတွင်လည်း ဖြန့်ဝေခဲ့ပါသည်။

၆။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် တိုင်တန်းချက်များ ကိုင်တွယ်ဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်စပ်လျဉ်း၍ စောင့်ကြည့်လေ့လာခြင်း၊ အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်း၊ ဘိုးဘွားရိပ်သာနှင့် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ၊ လူငယ်သင်တန်းကျောင်းများသို့ သွားရောက်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ကြည့်ရှုစစ်ဆေးရာတွင် ခွဲခြားဆက်ဆံမှု မရှိစေရေး၊ ဘာသာအလိုက် ကိုးကွယ်ခွင့်၊ သင့်တင့်သော ကျန်းမာရေးစောင့်ရှောက်မှုရရှိခွင့်၊ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိခွင့်၊ နိုင်ငံတော်မှ တရားဝင်ခွင့်ပြုထားသော အခွင့်အရေးနှင့် အထောက်အပံ့များကို သတ်မှတ်ချက်နှင့်အညီရရှိခွင့် စသည့်အခြေခံအခွင့်အရေးများရရှိခြင်း ရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည့်အကြံပြုချက်များကို သက်ဆိုင်ရာဌာနများသို့ ပေးပို့လျက်ရှိပါသည်။ ကော်မရှင်၏ အကြံပြုချက်များကို သက်ဆိုင်ရာဌာနအသီးသီးကလည်း ပူးပေါင်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။

၇။ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဥပဒေက ပေးအပ်ထားသော နိုင်ငံသားတစ်ဦး၏ အခွင့်အရေးရရှိစေရေးနှင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးတို့အတွက် ကော်မရှင်မှ စောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ်များကို သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၈။ (၇၇) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အတွက် ကုလသမဂ္ဂမှ ချမှတ်ထားသည့် ဆောင်ပုဒ်မှာ “Our Everyday Essentials” ဖြစ်ပါသည်။ သို့ဖြစ်ရာ ပြည်သူလူထုတစ်ရပ်လုံးကလည်း နေ့စဉ်ဘဝတွင် မရှိမဖြစ်လိုအပ်သည့် လူ့အခွင့်အရေးများကို လေးစားလိုက်နာကြပါရန် ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အခါသမယတွင် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်**

# အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**



အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏ (၃/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ (၂) ၌ ကျင်းပသည်။

အစည်းအဝေးတွင် အစိုးရ-ပုဂ္ဂလိကကုန်သွယ်မှုမြှင့်တင်ရေးကောင်စီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ က အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏ လုပ်ငန်းတာဝန်တွင် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးမှုကို ရေးရှုသော ရေတိုရေရှည်မဟာဗျူဟာနှင့်နည်းဗျူဟာများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ထိန်းကျောင်းလမ်းညွှန်မှုပြုရန် ဖော်ပြထားရှိရာ ကောင်စီအဖွဲ့ဝင်များအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်နိုင်မည့် လုပ်ငန်းစီမံချက်များကို ပြင်ဆင်ရေးဆွဲထားသည့် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၆-၂၀၃၀ နှင့် လိုက်လျောညီထွေဖြစ်အောင် ရေးဆွဲကြရန် လိုအပ်ကြောင်း။

ပြည်ပနိုင်ငံများသို့ ဈေးကွက်ဝင်သော ပို့ကုန်များ ပိုမိုတင်ပို့နိုင်ခြင်းသည် ထုတ်ကုန်ထုတ်လုပ်သော နိုင်ငံသားတို့၏ စွမ်းဆောင်ရည်မြှင့်တက်လာခြင်းကြောင့်ဖြစ်၍ ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး၊ ကုန်ထုတ်လုပ်သည့် စက်ယန္တရားများ ကောင်းမွန်ရေးနှင့် ထုတ်လုပ်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် နိုင်ငံတော်က ချေးငွေများပေးအပ်ခြင်း၊ စက်ယန္တရားများ တင်သွင်းခွင့်ပြုခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေးအစီအစဉ်များ ဖွံ့ဖြိုးတိုးတက်အောင် စီမံခြင်းတို့ကို ကွင်းဆက်လုပ်ငန်းစဉ်တစ်ခုအနေဖြင့် စီမံပေးလျက်ရှိကြောင်း၊ ကောင်စီအဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များအပေါ် ကဏ္ဍအလိုက် ချိတ်ဆက်မိအောင် ပံ့ပိုးပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က အမှာစကားပြောကြားပြီး အတွင်းရေးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီအဖွဲ့ဝင်များ၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်းသည့် တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တွံတေးမြို့နယ်၌ ကျား၊ မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ အသိပညာများရှင်းလင်းဟောပြော

**တွံတေး ဒီဇင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှုယန္တရားများအကြောင်းနှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာအသိပညာပေးဟောပြောရှင်းလင်းပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တော်ဝင်စန္ဒကူးခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် တွံတေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ကိုယ်စား အဖွဲ့ဝင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီးမျိုးသန့်နှင့် တွံတေးခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးတို့က အမှာစကားများ ပြောကြားခဲ့သည်။

**တက်ရောက်**

ဆက်လက်၍ ရန်ကုန်တောင်ပိုင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်စိမ့်လဲ့ရည်က ကျား၊ မ အခြေပြု အကြမ်းဖက်မှု၊ စီးပွားရေးဆိုင်ရာ အကြမ်းဖက်ခံရမှု၊ ဆက်သွယ်ရေးနည်းပညာကို အသုံးပြု၍ အကြမ်းဖက်မှုအကြောင်းအရာများ၊ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် အမျိုးသမီးများအကြမ်းဖက်မှု တားဆီးကာကွယ်ရေး၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ လူကုန်ကူးမှုဥပဒေများအကြောင်းကို ပြောကြားခဲ့ပြီး တက်ရောက်လာကြသူများအား ကျား၊ မ အခြေပြု အကြမ်းဖက်မှု အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြကြောင်း သိရသည်။



**မျိုးလှိုင် (တွံတေး)**

**ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်**







# မြစ်ကြီးနားမြို့အတွင်းရှိ အာမခံအလုပ်သမားများ၏သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ခြင်းဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်နှင့် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အကျိုးခံစားခွင့်များ ပေးအပ်

**မြစ်ကြီးနား ဒီဇင်ဘာ ၉**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အာမခံအလုပ်သမားများ၏ အချိန်ပြည့်ပညာသင်ကြားနေသော သားသမီးများအား ပညာသင်စရိတ်ဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလုပ်ဌာနများမှ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ပညာသင်စရိတ်ဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ယနေ့အခမ်းအနားတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့အတွင်းရှိ လူမှုဖူလုံရေးအဖွဲ့တွင် မှတ်ပုံတင်ထားသောအလုပ်ဌာန ၃၆၄ ဌာနမှ အာမခံအလုပ်သမား ၂၈၇၇ ဦးရှိပြီး ပညာသင်စရိတ်လျှောက်ထားလာသည့် အာမခံအလုပ်သမားများအနက် အလုပ်သမား ၃၀၀ ၏ သားသမီး ၄၅၂ ဦးအတွက် ပညာသင်စရိတ်စုစုပေါင်း ငွေကျပ် ၁၉ သိန်း ၁၄၀ သိန်း၊ အာမခံအလုပ်သမား သုံးဦး၏ မီးဖွားမှုနှင့် မီးဖွားစရိတ်အကျိုးခံစားခွင့်၊ အာမခံအလုပ်သမားသုံးဦး၏ ဖခင်ဘဝဖြစ်မှု အကျိုးခံစားခွင့်နှင့် ဇနီးဖြစ်သူမီးဖွားမှု အကျိုးခံစားခွင့်နှင့် အာမခံအလုပ်သမား သုံးဦး၏ ဆေးဖိုးကုန်ကျငွေ ပြန်လည်ပေးအမ်းခြင်းတို့အတွက် စုစုပေါင်းငွေကျပ် ၃ သိန်း ၄၈၄ သန်းကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အလုပ်သမားရေးရာဥပဒေများနှင့်အညီ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားစု ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကချင်ပြည်နယ်ဝန်ကြီးချုပ်ထံသို့ ပညာသင်စရိတ်ဆိုင်ရာ မိသားစုထောက်ပံ့ငွေကျပ် ၁၉ သိန်း ၁၄၀ သန်းကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် ပြည်နယ်လူမှုရေးဝန်ကြီးတို့က မီးဖွားမှုနှင့်မီးဖွားစရိတ်၊ ဆေးဖိုးကုန်ကျငွေ၊ ဇနီးဖြစ်သူမီးဖွားမှု အကျိုးခံစားခွင့်တို့အတွက် အာမခံလုပ်သား ၁၃ ဦးတို့၏ အကျိုးခံစားခွင့် ငွေကျပ် ၃ သိန်း ၄၈၄ သန်းကိုလည်းကောင်း ပေးအပ်ကြပြီး အာမခံအလုပ်သမားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးငလျင်ကြီးဖြစ်စဉ်တွင် ကျန်းမာရေးကဏ္ဍဆောင်ရွက်ခဲ့မှုများအား လုပ်ငန်းဆန်းစစ်သုံးသပ်မှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

မန္တလေးငလျင်ကြီးဖြစ်စဉ်တွင် ကျန်းမာရေးကဏ္ဍ ဆောင်ရွက်ခဲ့မှုများအား လုပ်ငန်းဆန်းစစ် သုံးသပ်မှု အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ မန္တလေးငလျင်ကြီးဘေးအန္တရာယ်ကျရောက်ခဲ့သည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ကျန်းမာရေးကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် အထူးကုဆရာဝန်များ တက်ရောက်ကြသည်။



ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များတွင် အသက်ကယ်ကုသမှုလုပ်ငန်းများသည် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် အလားတူပင် ချက်ချင်း ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်ကြောင်း၊ မန္တလေးငလျင်ကြီးတွင် ကျန်းမာရေးဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှု၊ ကျန်းမာရေးဌာန အဆောက်အအုံ ထိခိုက်ပျက်စီးမှုများနှင့် ဆက်သွယ်ရေးလမ်းကြောင်း နှောင့်နှေးမှုများ ရှိခဲ့သော်လည်း ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် နီးနွယ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ပူးပေါင်းချိတ်ဆက်ကာ နည်းလမ်းအမျိုးမျိုးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လစ်ဟင်းမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့အနေဖြင့်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ မေးခိုင်ရောဂါကာကွယ်ဆေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးအပါအဝင် ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်း၊ ရေသန့်စင်ဆေးမှုန့်များ ခတ်ပေးခြင်း၊ ခြင်လောက်လမ်းသေ ဆေးများ ခတ်ပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်း အစရှိသည့် ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် အားဖြည့်ဆောင်ရွက်ခဲ့နိုင်သဖြင့် ကူးစက်ရောဂါများ ကြီးမားသည့် ကပ်အသွင်ဖြစ်ပွားမှု မရှိခဲ့ကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးကဏ္ဍမှ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများကို ပြန်လည်ဆန်းစစ်သုံးသပ်ပြီး ပိုမိုတိုးတက်ကောင်းမွန်ရန် လိုအပ်သည့်အချက်များကို ဆွေးနွေးအကြံပြုကြစေလိုကြောင်း ပြောကြားသည်။

**ပြောကြား**

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးနှင့် အခြေခံကျန်းမာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာထွန်းတင်တို့က မန္တလေး ငလျင်ကြီးဖြစ်စဉ်တွင် ကျန်းမာရေးကဏ္ဍ ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၉ ရက်မှ ၁၀ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂန့်ဂေါမြို့ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြော

**ဂန့်ဂေါ ဒီဇင်ဘာ ၉**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တွင် ကျောင်းအခြေပြုမီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလနောက်ဆုံးပတ်က မြောက်ကုန်းရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း (မြောက်ကုန်း)၌ ကျင်းပသည်။

**လက်တွေ့သရုပ်ပြသင်ကြား**

ဟောပြောပွဲတွင် ဂန့်ဂေါမြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်ရဲနိုင်က စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များ၊ မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များကို ရှင်းလင်းဟောပြောကာ မီးငြိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြသင်ကြားပြသပေးခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ ဟောပြောပွဲအခမ်းအနားသို့ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးလွင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၂၇၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောင်မျိုးမင်း**



# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန် ၁၈ ရက် သာ လိုတော့သည်။

## ပုသိမ်မြို့၌ “ ဒို့အတူတူမဲပေးကြမယ်” အသိပညာပေးလက်ကမ်းစာစောင်များ ပြည်သူများအား ပေးဝေ



ပုသိမ် ဒီဇင်ဘာ ၉

မဲပေးခြင်းသည်နိုင်ငံသားများက အမျိုးသားရေး တာဝန်ထမ်းဆောင်ခြင်းဖြစ်ပြီး ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သောအနာဂတ်ဆီသို့ ဖော်ဆောင်နိုင်ရေးအတွက် “ဒို့အတူတူမဲပေးကြမယ်” အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယနေ့ နံနက်ပိုင်းက ပုသိမ်-မုံရွာလမ်းမကြီး ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ရုံးရှေ့တွင် ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ ပြည်သူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ခရီးသည်ယာဉ်များအား “ဒီမိုကရေစီခိုင်မြဲဖို့ မဲရုံသွားပြီးမဲပေးကြစို့”၊ “ ဒီမိုကရေစီပန်းတိုင်ဆီ မဲပေးခြင်းဖြင့် ဒို့လှမ်းချီ”၊ “ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သောအနာဂတ်ဆီသို့”၊ “ တိုင်းပြည်သာယာဝပြောရေး နိုင်ငံသားတိုင်း မဲပေး ပေး”၊ “လှမ်းစို့ကူညီမဲရုံဆီ ဒီမိုကရေစီဖော်ဆောင်မည်” စတစ်ကာများကို ကပ်နှံပေးခဲ့ပြီးနောက် ဌာနဆိုင်ရာများနှင့်အတူ “ဒို့အတူတူမဲပေးကြမယ်” လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြောင်းမြမြို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း၊ မြကျွန်းရွှေဝါခန်းမတွင်ပြုလုပ်သည့် စိုက်ပျိုးရေးဒီပလိုမာ အောင်လက်မှတ်အပ်နှင်းပွဲ အခမ်းအနားနှင့် မြောင်းမြပညာရေးဒီဂရီကောလိပ် ပညာရတနာခန်းမတွင်ပြုလုပ်သည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ်ကျောင်းသား ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တောင်ဥက္ကလာပမြို့နယ်၌ ဒို့အတူတူမဲပေးကြမယ် ဗီနိုင်းပိုစတာ၊ ဘေဘုတ်များစိုက်ထူ



ရန်ကုန် ဒီဇင်ဘာ ၉

ရန်ကုန်တိုင်း ဒေသကြီး သဃ်န်းကျွန်းခရိုင် တောင်ဥက္ကလာပမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ ပူးပေါင်း၍ “ ဒို့အတူတူ မဲပေးကြမယ် ၊လှမ်းစို့ကူညီမဲရုံဆီ ဒီမိုကရေစီဖော်ဆောင်မည်၊ ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့ ”စာသားပါလက်ကမ်းစာစောင်များနှင့် ဗီနိုင်းပိုစတာ၊ ဘေဘုတ်များကို လူစည်ကားရာနေရာများ၌ ယနေ့နံနက် ၈ နာရီတွင် စိုက်ထူခဲ့သည်။

ဦးစွာ “ဒို့အတူတူ မဲပေးကြမယ်၊ လှမ်းစို့ကူညီမဲရုံဆီ ဒီမိုကရေစီဖော်ဆောင်မည်၊ ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့ ” ဘေဘုတ် စိုက်ထူရာတွင် မကြာမီကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ပြည်သူအားလုံးပါဝင်၍ ဆန္ဒမဲပေးနိုင်ရေးအတွက် လူစည်ကားရာနေရာများတွင် ဘေဘုတ်စိုက်ထူခြင်းနှင့် အသိပညာပေး လက်ကမ်း စာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေး ဒို့အတူတူမဲပေးကြမယ် ဆိုင်းဘုတ်များစိုက်ထူခြင်း၊ စတစ်ကာများကပ်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

ရန်ကုန် ဒီဇင်ဘာ ၉

ရွေးကောက်ပွဲတွင် နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် အခွင့်အရေး ပြည့်ဝစွာရရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တွင် ယမန်နေ့က ရပ်ကွက်/ ကျေးရွာများရှိ အဓိကမိန်းလမ်းမကြီးများနှင့် လူစည်ကားရာနေရာများတွင် ဒို့အတူတူမဲပေးကြမယ် ဆိုင်းဘုတ်များ စိုက်ထူခဲ့သည်။

အဆိုပါ အသိပညာပေးဆိုင်းဘုတ်များအား မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဖြိုးသူမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစည်သူမောင်မောင်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များက ညောင်ပင်ကျေးရွာအုပ်စု စက်မှုဇုန် (၂)(၅) လမ်းထောင့်၊ အမှတ် (၆၉)ရပ်ကွက် ကျန်စစ်သားလမ်းနှင့် မင်းရဲကောင်းပုံလမ်းထောင့်၊ အမှတ်(၆၁)ရပ်ကွက် ဧရာချမ်းသာအိမ်ရာနှင့် ရတနာနှင်းဆီအိမ်ရာရှေ့၊ အမှတ်(၁၆၈)ရပ်ကွက် ပြည်သူ့ဆေးရုံရှေ့၊ အမှတ်( ၇၈)ရပ်ကွက်၊ ပဲခူးမြစ်လမ်း၊ အမှတ်( ၈၉)ရပ်ကွက်၊ ကွမ်အမ့်မင်းသားလမ်းနှင့် ကနောင်မင်းသားလမ်းဆုံတို့တွင် ‘‘ဒီမိုကရေစီခိုင်မြဲဖို့ မဲရုံသွားပြီး မဲပေးစို့’’၊ “ဒို့အတူတူမဲပေးကြမယ်၊ ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သောအနာဂတ်ဆီသို့’’၊ “လှမ်းစို့ကူညီမဲရုံဆီ ဒီမိုကရေစီကိုဖော်ဆောင်မည်’’ စာသားပါဆိုင်းဘုတ်များ စိုက်ထူခဲ့ပြီး ဒို့အတူတူမဲပေးကြမယ် စတစ်ကာများကပ်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။



**ဖြိုးစန္ဒာ(ပြန်/ဆက်)**



## ဇီးကုန်းမြို့နယ်၌ “ဒို့အတူတူမဲပေးကြမယ်” အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

ဇီးကုန်း ဒီဇင်ဘာ ၉

ရွေးကောက်ပွဲတွင် ပြည်သူများအားလုံးပါဝင်နိုင်ရန်အတွက် “ဒို့အတူတူမဲပေးကြမယ်” အသိပညာပေး လက်ကမ်းစာစောင်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလတ်နှင့် ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှဝန်ထမ်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက ယနေ့နံနက် ၉ နာရီက ဇီးကုန်းမြို့နယ် မြို့မစည်ပင်သာယာဈေးရှေ့နှင့် မြို့မဈေးအတွင်း၌ ဖြန့်ဝေပေးကြသည်။

အဆိုပါလက်ကမ်းစာစောင်တွင် “ဒီမိုကရေစီပြန်လည်ဖော်ဆောင်ဖို့အတွက် ရွေးကောက်ပွဲမှလွဲ၍ အခြားနည်းမရှိပါ၊ ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်ပါသည်၊ ဒီမိုကရေစီခိုင်မြဲဖို့ မဲရုံသွားပြီး မဲပေးကြပါစို့၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ဦးဆောင်နိုင်သူရွေးချယ်ကြပါစို့၊”စသည့်အကြောင်းအရာများပါဝင်သည့် လက်ကမ်းစာစောင် ၁၅၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေဖို့ မဲပေးကြပါစို့**

# မကွေးတိုင်းဒေသကြီး၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

မကွေး ဒီဇင်ဘာ ၉

မကွေးတိုင်းဒေသကြီးတွင် ၂၀၂၅ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက မကွေးမြို့ မြို့နယ်စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပြည်သူ့ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် "Overcoming disruption, transforming the AIDS response" "AIDS ရောဂါတိုက်ဖျက်ဖို့ အခက်အခဲများကို ဖြေရှင်းလို့ အတူပူးပေါင်းဆောင်ရွက်စို့" ဆိုသည့်အတိုင်း HIV ကာကွယ်ကုသရေးဝန်ဆောင်မှုများကို လူတိုင်းသာတူညီမျှ လက်လှမ်းမီရရှိရန်အတွက် ဦးတည်အုပ်စုဝင်များ၊ HIV ပိုးရှိသူများအပါအဝင် မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်သူများအားလုံးလက်တွဲပြီး HIV/AIDS ကာကွယ်ကုသရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အခက်အခဲများကိုလည်း အားလုံးလက်တွဲ ပူးပေါင်းဖြေရှင်းပြီး ရရှိနိုင်သည့် အရင်းအမြစ်များဖြင့် လုပ်ငန်းများကို ယခုထက် ပိုမိုအောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ပန်းချီ၊ ကာတွန်းနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး HIV/AIDS ရောဂါကာကွယ်ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကြိုးပမ်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခင်းကျင်းပြသထားသည့် HIV/AIDS ရောဂါကာကွယ်ရေးသုံးကျန်းမာရေးပစ္စည်းများ၊ ကုသရေးသုံးဆေးဝါးများနှင့် အသိပညာပေး စာစောင်များ၊ ဆုရပန်းချီ၊ ပိုစတာများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# တောင်သာမြို့နယ်၌ ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါ(HPV) ကာကွယ်ဆေးထိုးနှံမှု လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

တောင်သာ ဒီဇင်ဘာ ၉

တောင်သာမြို့နယ်၌ ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါ(HPV) ကာကွယ်ဆေးထိုးနှံမှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟန်သူရက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အောင်မျိုးဝင်းက သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးမထိုးနှံရသေးသည့် အသက်ကိုးနှစ်မှ ၁၂ နှစ်အောက် အခြေခံပညာကျောင်းသူများနှင့် ကျောင်းပြင်ပ မိန်းကလေးငယ်များကို ကျန်းမာရေး ဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့ဝင်များက ကာကွယ်ဆေးများ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများအပါအဝင် စုစုပေါင်း ၁၁၀ ခန့် တက်ရောက်ခဲ့ကြပြီး ကျန်းမာရေး ဝန်ထမ်းများက သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး (HPV) အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**



ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် (၁၂၁)နှစ်မြောက် သမဝါယမဦးစီးဌာန၏ နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူလတန်းကျောင်းသား ကျောင်းသူများအား နို့ဆန်ပြုတ်အာဟာရ တိုက်ကျွေးခြင်းများကို ဒီဇင်ဘာ ၉ ရက်က အထက(ကဝ)၌ ပြုလုပ်ရာ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇေယျာဝင်းနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများက မူလတန်း ကျောင်းသား ကျောင်းသူများအား နို့ဆန်ပြုတ်များတိုက်ကျွေးစဉ်။

ရဲဇော်ဟိန်း(ပြန်/ဆက်)



# သဲကုန်းမြို့နယ်၌ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး(HPV)ထိုးနှံခြင်းလုပ်ငန်း ဆောင်ရွက်

သဲကုန်း ဒီဇင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး(HPV)ထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာန၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဆရာမ ဒေါ်အေးသန္တာက ကာကွယ်ဆေးထိုးနှံခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ဒီဇင်ဘာ ၈ ရက်မှ ၂၀ ရက်အထိ အသက်ကိုးနှစ်မှ ၁၀ နှစ် ကျောင်းနေအရွယ်ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး(HPV) ထိုးနှံပေးသွားမည်ဖြစ်ပြီး သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး(HPV) ထိုးနှံရန် ကျောင်းသူ စုစုပေါင်း ၁၆၇ ဦးရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မရမ်းကုန်းမြို့နယ်၌ KG ကလေးများအား ကျောင်းတွင်း အာဟာရကျွေး

ရန်ကုန် ဒီဇင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုမ်းမြို့နယ် အမှတ် (၂)ရပ်ကွက်ရှိ အမှတ် (၁၇) အခြေခံပညာမူလတန်းကျောင်း၌ ယမန်နေ့နံနက် ၁၀ နာရီက KG ကလေးများအား အာဟာရကျွေးရန် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက KG ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးရန် အလှူငွေကျပ်သိန်း ၂၀ ကို လှိုင်မြို့နယ်ပညာရေးမှူးထံသို့လည်းကောင်း၊ ငွေကျပ် ၈၄ သိန်းကို မြောက်ဥက္ကလာ ပညာရေးမှူးထံသို့လည်းကောင်း ပေးအပ်ခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူ ၁၀၇ ဦးအား အစာမစားမီ လက်ဆေးခြင်း၊ အာဟာရကျွေးမွေးခြင်း၊ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က သွားတိုက်ဆေးနှင့် သွားတိုက်တံများပေးအပ်ခဲ့ပြီး တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနက ခံတွင်းကျန်းမာရေးနှင့်ပတ်သက်၍ အစာစားပြီးချိန်တွင် သွားတိုက်နည်းနှင့် ပလုတ်ကျင်းခြင်းများအကြောင်း သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မောင်အေးချမ်း(ပြန်/ဆက်)**





# ညောင်တုန်းမြို့၌ ရှေးဦးပြုစုခြင်း(သာမန်) သင်တန်းဆင်းပွဲ ကျင်းပ

ညောင်တုန်း ဒီဇင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ကြက်ခြေနီအသင်းခွဲက ကြီးမှူး၍ ရှေးဦးပြုစုခြင်း(သာမန်)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဧရာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးဇော်လွင်က ကြက်ခြေနီအသင်း၏ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးထွန်းမြင့်နှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးသန်းလွင်က သင်တန်းဖွင့်လှစ်မှု အခြေအနေများကိုလည်းကောင်း ပြောကြားပြီး ထူးချွန်သည့်သင်တန်းသားများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

အဆိုပါ ရှေးဦးပြုစုခြင်း(သာမန်)သင်တန်းကို မြို့နယ်ကြက်ခြေနီအသင်းခွဲက ကြီးမှူး၍ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၅ ဦးကို ငါးရက်ကြာ စာတွေ့၊ လက်တွေ့သရုပ်ပြ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# တတိယအကြိမ် မြန်မာ–ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

တတိယအကြိမ် မြန်မာ–ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အစည်း အဝေးကို ယနေ့တွင် နေပြည်တော်ရှိ Jasmine ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထိုက်နှင့် ကော်မတီဝင် မြန်မာ့တပ်မတော်မှ အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov နှင့် ကော်မတီဝင် ရုရှားတပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ တတိယအကြိမ် မြန်မာ–ရုရှား အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ ပူးတွဲဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး သန်းထိုက်က ရုရှားတပ်မတော် ကိုယ်စားလှယ်အဖွဲ့အား နွေးထွေးလှိုက်လှဲစွာကြိုဆိုခဲ့ပြီး နှစ်နိုင်ငံပူးတွဲ အကြမ်းဖက်မှု တိုက်ဖျက်ရေးကော်မတီအစည်းအဝေး အပြန်အလှန် အလှည့်ကျကျင်းပပြုလုပ်သွားခြင်းဖြင့် တပ်မတော်နှစ်ရပ်အကြား အကြမ်းဖက်မှုတိုက်ဖျက်ရေးကဏ္ဍတွင် သတင်းအချက်အလက်စီးဆင်းမှုကို လျင်မြန်စွာဆောင်ရွက်နိုင်လာခြင်း၊ နည်းပညာဆိုင်ရာကိစ္စရပ်များ ပိုမိုပူးပေါင်းလုပ်ဆောင်လာနိုင်ခြင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် လေ့ကျင့်ခန်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းအပြင် ပုံသဏ္ဌာန်ပြောင်းလဲလာသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ စစ်ဆင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အပြန်အလှန်အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တတိယအကြိမ် မြန်မာ–ရုရှား အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ ပူးတွဲဥက္ကဋ္ဌ ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov က ရုရှား–မြန်မာ နှစ်နိုင်ငံအကြား ဒေသတွင်းတည်ငြိမ်အေးချမ်းမှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအား နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များသည် အကြမ်းဖက်မှုတိုက်ဖျက်ရေး နယ်ပယ်တွင် တုံ့ပြန်မှုများ လျင်မြန်စွာပြုလုပ်နိုင်ရေးဆိုင်ရာ နည်းလမ်းများအား သတ်မှတ်ခေါင်းစဉ်များအလိုက် ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြပြီး တင်ပြချက်များအပေါ် နှစ်နိုင်ငံပူးတွဲ ကော်မတီဥက္ကဋ္ဌများက ပြန်လည်သုံးသပ်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

မြန်မာ–ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ (၃/၂၀၂၅) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာ–ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်မျိုးသန့်၊ ဒုတိယဥက္ကဋ္ဌ(၂) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ကော်မတီဝင်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ–ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ခြောက်သွေ့ရာသီဖြစ်သောနှစ်စဉ် ဇန်နဝါရီလမှ မေလအတွင်း မီးခိုးမြူငွေ့ညစ်ညမ်းမှုများ ဖြစ်ပေါ်လေ့ရှိပြီး နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုသည် နယ်နိမိတ်ချင်းထိစပ်နေသည့် နိုင်ငံများအကြား မကြာခဏကြုံတွေ့ရလေ့ရှိသဖြင့် ပွင့်လင်းရာသီမရောက်မီ ထိန်းချုပ်လျှော့ချရေးလုပ်ငန်းစဉ်များကို အလေးထားပြီး ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊



Fire Hotspot လျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် Fire Hotspot ဖြစ်ပေါ်မှုအရေအတွက်၊ သိပ်သည်းဆပေါ်မူတည်၍ ဦးစားပေးဒေသများ သတ်မှတ်ပြီး ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း **“အစား”**ကုန်းမြင့်လယ်ယာစိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများမှ မြေဩဇာပြုလုပ်ခြင်း၊ သစ်တောအတွင်း မီးမဆင်မခြင် အသုံးပြုမှုကို တားဆီးခြင်း၊ ဒေသခံပြည်သူများအား အသိပညာပေးခြင်း၊ Fire Hotspot ဖြစ်ပေါ်မှုအခြေအနေအား စောင့်ကြည့်လေ့လာခြင်း၊ ဝန်းကျင်လေထုအရည်အသွေး တိုင်းတာခြင်း၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့် အစီအမံများချမှတ်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း စသည့်လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

၂၀၂၅ ခုနှစ်အတွင်း မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ အဓိကမီးလောင်မှုဖြစ်ပေါ်ရသည့်အကြောင်းရင်းများအနေဖြင့် အများစုမှာ တောင်ယာခုတ်ထွင် ရှင်းလင်းရန် မီးရှို့မှု၊ ရိုးပြတ်များ မီးရှို့မှုနှင့် တောမီးလောင်ကျွမ်းမှုတို့ကြောင့် ဖြစ်ပါကြောင်း၊ အဆိုပါဒေသများတွင် မီးလောင်ကျွမ်းမှုထပ်မံဖြစ်ပေါ်မှုမရှိစေရေးအတွက် တောင်ယာမီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းများဆောင်ရွက်ခြင်းမပြုစေရေး ကြိုတင်အသိပညာပေးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ–ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ဒုတိယဝန်ကြီးက တောမီးလောင်ကျွမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှုသည် ဂေဟစနစ်နှင့် လူသားများ၏ ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်ရန် လိုအပ်သည့်အပြင် တောမီးလောင်ကျွမ်းမှုကြောင့် အကျိုးသက်ရောက်မှုတစ်ခုဖြစ်သည့် နယ်နိမိတ် ဖြတ်ကျော်မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုသည် သိသာထင်ရှားသည့် ဆိုးကျိုးတစ်ခုဖြစ်သည့်အတွက် ကော်မတီဝင်များအနေဖြင့် မြန်မာ–ထိုင်းနယ်စပ်ဒေသများတွင်သာမက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများ ထိရောက်အောင်မြင်စေရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူးက ကော်မတီ၏ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေ၊ မြန်မာနိုင်ငံအတွင်း Fire Hotspot လျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီဝင်များနှင့် ကိုယ်စားလှယ်များက ကော်မတီ၏ လုပ်ငန်းများဆောင်ရွက်နေမှုကို သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မင်္ဂလာတောင်ညွန့်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်တွင်းအခွန်များ ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၅ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ အပါအဝင် တည်ဆဲ အခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၆ ရက် မွန်းလွဲပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အခွန်ကောက်မှုအထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ မင်္ဂလာတောင်ညွန့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြသိန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ဥမ္မာမြင့်က တည်ဆဲ အခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပြိုင်ပွဲဝင်အားကစားသမားများ ထိုင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၉**

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံ ကိုယ်စားပြု အားကစား သမားများသည် သက်ဆိုင်ရာ အားကစားနည်း အလိုက် ပါဝင်ယှဉ်ပြိုင်ရန် နိုဝင်ဘာ ၃၀ ရက်မှ စတင်၍ အဖွဲ့လိုက် ထိုင်းနိုင်ငံသို့ ထွက်ခွာလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံကိုယ်စားပြု ပြေးခုန်ပစ် အားကစား သမားများသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့လည်းကောင်း၊ ဂျူဒို၊ ကရာတေး အားကစား သမားများသည် ထိုင်းနိုင်ငံ ဆွန်ခလာမြို့သို့လည်းကောင်း သက်ဆိုင်ရာ အုပ်ချုပ်သူ၊ နည်းပြများနှင့်အတူ


မအေးအေးအောင်


မောင်ထက်အောင်


ဦးမောင်မောင်ထွေးဦး


ဦးကျော်ထူးအောင်


ဦးကျော်ကျော်မိုး



ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

အဆိုပါ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှု ဆုတံဆိပ်များရရှိရေး ကြိုးပမ်းကာ ပါဝင်ယှဉ်ပြိုင်သွားကြမည့် မြန်မာနိုင်ငံကိုယ်စားပြု အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ပါသည်။

**မအေးအေးအောင်**
**ဂျူဒိုအားကစားသမား**

ဆီးဂိမ်းပြိုင်ပွဲအတွက် ၉ လပိုင်းမှာ ဂျပန်နိုင်ငံကို သွားရောက်ပြီး ဂျပန်ဂျူဒို အားကစားသမားတွေနဲ့အတူ တစ်လတာ လေ့ကျင့်မှုတွေ ဆောင်ရွက်ထားပါတယ်။ ပြိုင်ဘက် အားကစားသမားရဲ့ ကစားပုံ၊ ကစားနည်းကို ပုံဖော်ပြီး ကြိုတင်ပြင်ဆင် လေ့ကျင့်ထားပါတယ်။ အခု ဆီးဂိမ်းပြိုင်ပွဲ အနုတ် ၂၈ ကီလိုတန်းမှာ ဝင်ရောက်ယှဉ်ပြိုင်မှာပါ။ အဓိကပြိုင်ပွဲမှာ ဆီမီးနဲ့ ဖိုင်နယ်ပွဲစဉ်တွေမှာ တွေ့နေကျ ထိုင်းဂျူဒို အားကစားသမားရဲ့ ကစားပုံ၊ ကစားနည်း ဗီဒီယိုတွေကြည့်ပြီး လေ့လာထားပါတယ်။ သူ့ရဲ့အားနည်းချက်၊ အားသာချက်ကို ဘယ်လိုယှဉ်ပြိုင်ပြင်ဆင်ရမယ်ဆိုတာကို အလေးထား လေ့ကျင့်ထားတယ်။ အခု ဆီးဂိမ်းပြိုင်ပွဲတွင် ကျွန်မက နောက်ဆုံး ကစားရမှာဖြစ်တော့ ရွှေတံဆိပ်ဆုရရှိအောင် ကြိုးစားခဲ့ပါမယ်။

**မောင်ထက်အောင်**
**ဂျူဒိုအားကစားသမား**

ပြိုင်ပွဲအတွက် အကောင်းဆုံး ကြိုးစားပြီး အကောင်းဆုံး ရလဒ်ထွက်အောင် ပြင်ဆင်ထားပါတယ်။ ကျွန်တော်တို့ ပြိုင်ပွဲအတွက် Camp ဝင်တာ နှစ်နှစ်ခွဲရှိပါတယ်။ ကြားပွဲတွေလည်း သွားရောက်ကစားပြီး လေ့ကျင့်ခဲ့တာဖြစ်တဲ့အတွက် ဒီနှစ်တော့ အကောင်းဆုံး ရလဒ်ထွက်မယ်လို့ မျှော်လင့်ပါတယ်။ အဓိကပြိုင်ဘက်က ထိုင်းပါ မနှစ်ကလည်း လက်ရှိချန်ပီယံဖြစ်တဲ့အတွက် သူတို့ကစားထားတဲ့ ပွဲတွေကြည့်ပြီး လေ့လာဖြစ်ပါတယ်။ ပြိုင်ပွဲမှာ အကောင်းဆုံး ယှဉ်ပြိုင်ပြီး ရွှေတံဆိပ်ဆုရအောင် ကြိုးစား ယှဉ်ပြိုင်ခဲ့ပါမယ်။ အားပေးကြပါဦးလို့ ပြောချင်ပါတယ်။

**ဦးမောင်မောင်ထွေးဦး**
**ဂျူဒိုအားကစားအဖွဲ့ အုပ်ချုပ်သူ**

(၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် အမျိုးသမီးအားကစား သမားငါးဦး၊ အမျိုးသား အားကစားသမားရှစ်ဦး ရွေးချယ်ထားတယ်။ အားကစားသမားတွေက အားထားရတဲ့ အားကစားသမားတွေဖြစ်ပါတယ်။ အခု ဆီးဂိမ်းပြိုင်ပွဲမှာ အမျိုးသမီး ဝိတ်တန်း လေးတန်းပဲ ထည့်ထားပေးတယ်။ ပြိုင်ပွဲအမျိုးအစားက တစ်ဦးချင်းပြိုင်ပွဲမှာ အမျိုးသမီး ဝိတ်တန်း လေးတန်း၊ အမျိုးသား ဝိတ်တန်း ငါးတန်း စုစုပေါင်း ဝိတ်တန်း ကိုးတန်း၊ ခတ ပြိုင်ပွဲမှာ အမျိုးသမီး တစ်တန်း၊ အမျိုးသား တစ်တန်း တစ်ဦးချင်းစီ ပါဝင်ယှဉ်ပြိုင်ကြမှာပါ။ ၁၀ ရက်နေ့မှာ အမျိုးသား၊ အမျိုးသမီး ခတပြိုင်ပွဲ၊ ၁၂ ရက်နှင့် ၁၃ ရက်မှာ တစ်ဦးချင်းပြိုင်ပွဲနဲ့ ၁၄ ရက်မှာ နောက်အဆင့်ပြိုင်ပွဲတစ်ပွဲ ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။ ဆုအနေနဲ့က အမျိုးသမီး အားကစားသမားတွေကို ပိုပြီး မျှော်မှန်းထားပါတယ်။

**ဦးကျော်ထူးအောင်**
**ပြေးခုန်ပစ်အားကစားအဖွဲ့ ခေါင်းဆောင်**

အခု အားကစားပြိုင်ပွဲမှာ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမား အပါအဝင် ၂၁ ဦး သွားရောက်မှာ ဖြစ်ပါတယ်။ ကမ္ဘောဒီးယား ဆီးဂိမ်းပြိုင်ပွဲပြီးကတည်းက အားကစားသမားတွေကို ဆက်တိုက်လေ့ကျင့်မှုတွေ ဆောင်ရွက်ထားတယ်။ ပြိုင်ပွဲတွေက တာလတ်၊ မာရသွန်၊ လမ်းလျှောက် စတဲ့ အားကစားနည်းအားလုံး ဝင်ရောက်ယှဉ်ပြိုင်မယ်။ ဒီဇင်ဘာ ၁၀ ရက်ကနေ ၁၆ ရက်အထိပြိုင်ပွဲရှိပါတယ်။ အမျိုးသား၊ အမျိုးသမီးပွဲ ၂၂ ပွဲယှဉ်ပြိုင်ရမယ်။ ပြေးခုန်ပစ်အားကစားနည်းက စံချိန်သစ်ရွေးရတဲ့ အားကစားဖြစ်တဲ့အတွက် (၃၂) ကြိမ်မြောက် ကမ္ဘောဒီးယား ဆီးဂိမ်းပြိုင်ပွဲက ပထမ၊ ဒုတိယ၊ တတိယဆုရရှိတဲ့ အားကစားသမားတွေနဲ့ အလားအလာရှိတဲ့ အားကစားသမားတွေကို ရွေးချယ်ထားတာကြောင့် ရလဒ်ကောင်းတွေ ရရှိမယ်လို့ ယုံကြည်ပါတယ်။

**ဦးကျော်ကျော်မိုး**
**ကရာတေးအားကစားအဖွဲ့ အုပ်ချုပ်သူ**

ကရာတေး ကစားသမားတွေကို ကျွန်တော်တို့က နိုင်ငံတော်ရဲ့ အစီအစဉ်နဲ့ အား/ကာဦးစီးဌာနကနေ တာဝန်ပေးတဲ့ ၁-၆-၂၀၂၄ ရက်ကစပြီး စခန်းသွင်း လေ့ကျင့်ခဲ့ပါတယ်။ အဲဒီကနေ ပေါ်ထွက်လာတဲ့ အလားအလာရှိတဲ့ ကစားသမားတွေကို အမျိုးသား အားကစားပွဲတော်မှာ ထပ်မံအားဖြည့်ပြီး စခန်းသွင်းလေ့ကျင့်မှုကို ဆက်လက်ဆောင်ရွက်ခဲ့တယ်။ အဆင့်ဆင့် ဆန်ခါတင်ရွေးချယ်လာပြီး အခုနောက်ဆုံး အားကစားသမား ကိုးဦးက လက်ရွေးစင် ကရာတေး ကစားသမားတွေအဖြစ်နဲ့ သွားရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ အုပ်ချုပ်သူတစ်ဦး၊ နည်းပြသုံးဦး၊ အမျိုးသား အားကစားသမား ငါးဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ၁၃ ဦး သွားရောက်မှာပါ။

အသင်းလိုက် ထကပြိုင်ပွဲမှာ အမျိုးသား သုံးဦးပြိုင်မှာပါ။ အမျိုးသား နှစ်ဦးက ဝိတ်တန်းပြိုင်မယ်၊ အမျိုးသမီး လေးဦးက တစ်ဦးချင်း ဝိတ်တန်းအလိုက်ပြိုင်ပါမယ်။ အမျိုးသမီး လေးဦးကပဲ အသင်းလိုက်ပြိုင်မယ်။ ပြိုင်ပွဲက ၁၁ ရက်မှာ စပြီး ယှဉ်ပြိုင်ပါမယ်။ ဆုမျှော်မှန်းချက်အနေနဲ့ကတော့ ကျွန်တော်တို့ အားကစားက စံချိန်တင် အားကစား မဟုတ်တဲ့အတွက် ပြောရမှာ ခက်ပါတယ်။ ကျွန်တော်တို့က ပွဲစဉ်ရေးဆွဲမှု အခြေအနေနဲ့ ကစားသမားတွေရဲ့ လေ့ကျင့်ထားတဲ့ အတွေ့အကြုံနဲ့ ယုံကြည်မှုအရ ဆုရရှိနိုင်မယ်လို့ မျှော်မှန်းထားပါတယ်။

ပြိုင်ဘက်ကတော့ အဓိက အခု အိမ်ရှင်နိုင်ငံဖြစ်တယ်။ အရင်တုန်းက မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်တို့ကအမြဲတမ်း ထိပ်တန်းမှာ ရှိတယ်။ အခု ကျွန်တော်တို့က အဓိကလေးနိုင်ငံကို ရင်ဆိုင်ရမှာပါ။ ကျန်တဲ့ လာအို၊ ကမ္ဘောဒီးယားတို့က လက်ရည်တူ ယှဉ်ပြိုင်နေကြပါတယ်။ ကျွန်တော်တို့လည်း နိုင်ငံတော်က ချမှတ်ထားတဲ့ ပေါ်လစီအတိုင်း နိုင်ငံတကာ ပြိုင်ပွဲမှာ အောင်နိုင်မှုရရှိရေး ဆိုတဲ့မူနဲ့အညီ ကြိုးစားမယ်။ ပြီးတော့ အဖွဲ့ချုပ်ဥက္ကဋ္ဌရဲ့ လမ်းညွှန်မှု၊ ဦးဆောင်မှု၊ ပံ့ပိုးကူညီမှုနဲ့ စခန်းသွင်းလေ့ကျင့်မှုတွေ၊ နိုင်ငံတကာပြိုင်ပွဲတွေမှာ အတွေ့အကြုံရအောင် လေ့ကျင့်မှုတွေနဲ့ နိုင်ငံခြားနည်းပြခေါ်ပြီး လေ့ကျင့်ပါတယ်။ ကျွန်တော်တို့ ယခု (၃၃)ကြိမ်မြောက် ဆီးဂိမ်းအတွက် အထူးကြိုးစားခဲ့ပါတယ်။ ကစားသမားတွေကလည်း ယုံကြည်မှုရှိပါတယ်။ အကောင်းဆုံးရလဒ်တွေ ယူဆောင်လာမယ်လို့ မျှော်လင့်ပြီး အခုပြိုင်ပွဲကို သွားရောက် ယှဉ်ပြိုင်ခြင်း ဖြစ်ပါတယ်။

**ဇော်မင်းလတ်၊ သီဟ**

# တောင်ဥက္ကလာပမြို့နယ်၌ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၉**


ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားခန်းမအတွင်း၌ ဒီဇင်ဘာ ၇ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက်(၃၀)နှစ်အောက် ရပ်ကွက်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ကျင်းပသည်။

ဗိုလ်လုပွဲတွင် အမှတ်(၉)ရပ်ကွက်အသင်းနှင့် အမှတ်(၁၁)ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၁၁)ရပ်ကွက်အသင်းက နှစ်ပွဲနိုင်တစ်ပွဲရှုံးဖြင့် အနိုင်ရခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲတွင် သဃ်န်းကျွန်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးထိုက်က တက်ရောက်အားပေးပြီး တောင်ဥက္ကလာပမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြတ်မိုးနှင့် တာဝန်ရှိသူများက ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု၊ အသန့်ရှင်းဆုံးအသင်းဆုနှင့် တတိယဆုအတွက် ငွေကျပ် နှစ်သိန်း၊ ဒုတိယဆုအတွက် ငွေကျပ် လေးသိန်း၊ ပထမဆုအတွက် ငွေကျပ် ခြောက်သိန်း၊ ဆုတံဆိပ်များနှင့် တံခွန်စိုက်ဒိုင်းဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**







☆ **ကျောဖုံးမှ**

ထို့နောက် ပြိုင်ပွဲဝင်နိုင်ငံများ ကွင်းအတွင်း နေရာယူကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ ထိုင်းဘုရင်မင်းမြတ်က မိန့်ခွန်းပြောကြားပြီး အိမ်ရှင်ထိုင်းနိုင်ငံအလံ၊ ဆီးဂိမ်းပြိုင်ပွဲအလံတို့ကို လွှင့်တင်ကြသည်။ ယင်းနောက် ထိုင်းနိုင်ငံ အားကစားသမားနှင့် ဒိုင်လူကြီးတို့က အားကစားသစ္စာအဓိဋ္ဌာန်အား ရွတ်ဆိုကြပြီး ထိုင်းနိုင်ငံ၏ ထူးချွန်အားကစားသမားများက မီးရှူးတိုင်ကို အဆင့်ဆင့်သယ်ဆောင်ကာ သတ်မှတ်နေရာတွင် မီးထွန်းညှိပေးသည်။

(၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ဒီဇင်ဘာ ၃ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံရှိ ဘန်ကောက်မြို့၊ ချောင်ဘူရီမြို့တို့တွင် ကျင်းပလျက်ရှိပြီး အရှေ့တောင်အာရှ ၁၁ နိုင်ငံမှ ပြိုင်ပွဲဝင်အားကစားသမားစုစုပေါင်း ၁၂၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ အိမ်ရှင်ထိုင်းနိုင်ငံအနေဖြင့် အားကစားနည်း ၅၀ မှ ပြိုင်ပွဲအမျိုးအစား ၅၄၇ မျိုး၊ ရွှေတံဆိပ်စုစုပေါင်း ၅၄၇ ခု ချီးမြှင့်မည်ဖြစ်သည်။ ထိုင်းနိုင်ငံအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် ခုနစ်ကြိမ်မြောက် လက်ခံကျင်းပခြင်းဖြစ်ပြီး ၁၉၅၉ ခုနှစ်၊ ၁၉၆၇ ခုနှစ်၊ ၁၉၇၅ ခုနှစ်၊ ၁၉၈၅ ခုနှစ်၊ ၁၉၉၅ ခုနှစ်၊ ၂၀၀၇ ခုနှစ်နှင့် ယခု ၂၀၂၅ ခုနှစ်တို့တွင် ကျင်းပခြင်းဖြစ်သည်။ ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ယခင် အရှေ့တောင်အာရှ ကျွန်းဆွယ်ပြိုင်ပွဲ) ပထမဆုံးပြိုင်ပွဲဖြစ်သည့် ၁၉၅၉ ခုနှစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့်နိုင်ငံလည်းဖြစ်သည်။

ထိုင်းနိုင်ငံအနေဖြင့် (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ဒီဇင်ဘာ ၃ ရက်မှစ၍ ကျင်းပလျက်ရှိသော်လည်း ဖွင့်ပွဲအပြီး ဒီဇင်ဘာ ၁၀ ရက်မှသာ ရွှေတံဆိပ်ဆုများ စတင်ချီးမြှင့်မည်ဖြစ်ပြီး ပထမဆုံးနေ့တွင် ရွှေတံဆိပ်စုစုပေါင်း ၃၂ ခု စတင်ချီးမြှင့်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၃၈ မျိုး၌ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ **ချစ်ကိုကို၊ ငွေကြယ်(ကြေးမုံ)**

# ဆီးဂိမ်းခြင်းလုံးပြိုင်ပွဲတွင် မြန်မာအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့ ဦးဆောင်နေပြီး ရွှေတံဆိပ်ဆုနှင့် လက်တစ်ကမ်းအကွာသို့ ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၉**

(၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ ခြင်းလုံးပြိုင်ပွဲ ပထမနေ့ကို ဒီဇင်ဘာ ၉ ရက်က စတင်ကျင်းပရာ မြန်မာအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့ဦးဆောင်နေပြီး ရွှေတံဆိပ်ဆုနှင့်လက်တစ်ကမ်းအကွာသို့ ရောက်ရှိနေသည်။

ခြင်းလုံးပြိုင်ပွဲကို ပိုက်ကျော်ခြင်းအားကစားနည်းအောက်တွင် ထည့်သွင်းကျင်းပပြီး ပြိုင်ပွဲအမျိုးအစား နှစ်ခု(အမျိုးသားပြိုင်ပွဲ တစ်ခုနှင့် အမျိုးသမီးပြိုင်ပွဲ တစ်ခု) ထည့်သွင်းကျင်းပခြင်းဖြစ်သည်။ ပြိုင်ပွဲကို နှစ်ရက်ကျင်းပခြင်းဖြစ်ပြီး ပထမနေ့တွင် မြန်မာခြင်းလုံး အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်း နှစ်သင်းစလုံး ဦးဆောင်နေခြင်းဖြစ်သည်။ အမျိုးသားပြိုင်ပွဲတွင်မြန်မာအသင်းက ၅၄၅ မှတ်ဖြင့် ဦးဆောင်နေပြီး အိမ်ရှင်ထိုင်းအသင်းက ၅၀၁ မှတ်၊ လာအိုအသင်းက ၄၁၀ မှတ်၊ မလေးရှားအသင်းက ၁၆၇ မှတ်၊ တီမောအသင်းက ၆၈ မှတ် ရရှိထားသည်။ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်းက ၄၆၁ မှတ်ဖြင့် ဦးဆောင်နေပြီး ထိုင်းအသင်းက ၃၉၄ မှတ်၊ လာအိုအသင်းက ၃၁၇ မှတ်၊ မလေးရှားအသင်းက ၁၁၈ မှတ်ရရှိထားသည်။ ပြိုင်ပွဲဒုတိယနေ့ကို ဒီဇင်ဘာ ၁၀ ရက် (ယနေ့) နံနက်ပိုင်းတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

မြန်မာ့ရိုးရာ အားကစားနည်းဖြစ်သည့် ခြင်းလုံးပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် စတင်ထည့်သွင်းကျင်းပပြီး မြန်မာခြင်းလုံးအသင်းအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲတွင် ခြင်းလုံးအားကစားနည်း ပါဝင်သည့် အကြိမ်တိုင်း ရွှေတံဆိပ်ဆု မလွတ်တမ်း ရယူနိုင်ခဲ့သည်။ **ကိုညီလေး**

**ဓာတ်ပုံ – saregg Facebook**






# ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း နောက်ဆုံးခြေစမ်းပွဲကစား

**ရန်ကုန် ဒီဇင်ဘာ ၉**

(၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကျင်းပနေသည့် ထိုင်းနိုင်ငံ၌ ကြိုတင်လေ့ကျင့်နေသော မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ဒီဇင်ဘာ ၉ ရက်က Muban Chom Beung တက္ကသိုလ်အမျိုးသမီးအသင်းနှင့် လေ့ကျင့်ရေးခြေစမ်းပွဲကစားခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ဒီဇင်ဘာ ၅ ရက်ကတည်းက ထိုင်းနိုင်ငံသို့ ရောက်ရှိနေရာ လေ့ကျင့်မှုများပြုလုပ်ပြီး ဒီဇင်ဘာ ၉ ရက်တွင် ခြေစမ်းပွဲကစားခြင်းဖြစ်ကာ ရလဒ်ကိုမူ ထုတ်ပြန်ခြင်းမရှိပေ။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ဒီဇင်ဘာ ၁၀ ရက် (ယနေ့)တွင် ပြိုင်ပွဲကျင်းပမည့် ဗန်ကောက်မြို့သို့ သွားရောက်မည်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ဆီးဂိမ်းအမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် အင်ဒိုနီးရှား၊ ဗီယက်နမ်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး ဒီဇင်ဘာ ၁၃ ရက်တွင် အင်ဒိုနီးရှားအသင်း၊ ဒီဇင်ဘာ ၁၄ ရက်တွင် ဗီယက်နမ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း – မောင်စံကြီး၊ ဓာတ်ပုံ – MFF**

❍ **ဆီးဂိမ်းမှ**

အမှတ်အများဆုံးရရှိသည့် အိမ်ရှင်ထိုင်းအသင်းနှင့် မြန်မာအသင်းတို့ ဗိုလ်လုပွဲကစားရမည်ဖြစ်သည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲအပြီးတွင် သုံးယောက်တွဲ အသင်းလိုက် အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ လေးယောက်တွဲ အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီး Mixed လေးယောက်တွဲပြိုင်ပွဲ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း – ရှိုင်းထက်ဇော်**

**ဓာတ်ပုံ – MSTAF**

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၀ လုံး ထပ်မံဖြိုချဖျက်ဆီး၊ မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ဆောင်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ ထပ်မံတွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိတရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည် လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်အဆောက်အအုံ တစ်လုံး၊ သုံးထပ်အဆောက်အအုံ တစ်လုံးနှင့် နှစ်ထပ်အဆောက်အအုံ ရှစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၀ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၃၅၁ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် KK park နှင့် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံ အသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ အဆိုပါ နယ်မြေများ၌ ဖမ်းဆီးရမိခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေး အတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေမှ ဖမ်းဆီးထိန်းသိမ်းခဲ့သည့် နိုင်ငံပေါင်း ခြောက်နိုင်ငံမှ တရားမဝင်ပြည်ပနိုင်ငံသား ၁၂၃ ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ထပ်မံလွှဲပြောင်း ပေးအပ်ခဲ့ကြောင်းနှင့် ကျန်ရှိသည့် တရားမဝင်ပြည်ပနိုင်ငံသားများကို လည်း သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှ စတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့အထိ ရှာဖွေစစ်ဆေးခဲ့သည့် အဆောက်အအုံ ၁၂ လုံး အနက် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၀ လုံးကို စစ်ဆေးတွေ့ရှိခဲ့ပြီး အဆိုပါ အဆောက်အအုံများ အတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၇၀၈ လုံးကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park အပိုင်း(၃) နယ်မြေ ဖောက်ခွဲဖျက်ဆီးခဲ့မှု။



မြဝတီမြို့နှင့် အနီးပတ်ဝန်းကျင်ရှိ အဆောက်အအုံများအား ရှာဖွေစစ်ဆေးရာ တရားမဝင်နိုင်ငံခြားသားများ ထားရှိနိုင်သည့် ခုနစ်ထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှု။



KK Park နယ်မြေအတွင်း တရားမဝင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။




KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံကို မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများအား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးစဉ်။



## ဝေါမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ)သင်တန်း ဖွင့်လှစ်

**ဝေါ ဒီဇင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် မီးသတ်ဦးစီးဌာနက ဖွင့်လှစ်သည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်စခန်း၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် တူညီဝတ်စုံများ ပေးအပ်သည်။ ယင်းနောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းက မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်နှင့် သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ အား ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၈ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂ ရက်အထိ အခြေခံလက်နက်မဲ့စစ်ရေးပြပညာ၊ မီးသတ်ပညာနှင့် ရှာဖွေကယ်ဆယ်ရေး ပညာရပ်များ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ




နေပြည်တော် ဒီဇင်ဘာ ၉

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် လယ်ဝေးမြို့နယ် အေလာမြို့ အခြေအခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး အေလာမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျောင်းသား ကျောင်းသူ လူငယ်များကို အသိပညာ၊ အတတ်ပညာ ဖွံ့ဖြိုးတိုးတက်ပြီး ဗလငါးတန်နှင့် ပြည့်စုံစေကာ ယဉ်ကျေးလိမ္မာပြီး အမှားအမှန်ကို ဝေဖန်ပိုင်းခြားစဉ်းစားနိုင်သည့် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူငယ်များဖြစ်လာစေရန်နှင့် စိတ်ဓာတ်ခွန်အားများ ရရှိစေရန်အတွက် ရည်ရွယ်ကျင်းပသည့် လူငယ်အသိပညာပေး ဟောပြောပွဲဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာကို ကြိုးစားသင်ယူကာ ကျောင်းပြင်ပ ပညာများ ဖြစ်သည့် နိုင်ငံတကာနှင့်ပတ်သက်သည့် အထွေထွေ ဗဟုသုတ၊ အင်္ဂလိပ်စာအပါအဝင် နိုင်ငံတကာဘာသာ စကား၊ ခေတ်မီတိုးတက်လာသည့် IT နည်းပညာ အပါအဝင် အခြားသောနည်းပညာများကို မျက်ခြည်မပြတ် လေ့လာတတ်ကျွမ်းအောင် ကြိုးစားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမျိုးသားစာပေဆုရ စာရေးဆရာ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်) အား ဂုဏ်ပြုလက်ဆောင် ပေးအပ်ပြီး အေလာမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် အလှူငွေများပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ဆက်လက်၍ လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမှာစကား ပြောကြားကာ အေလာမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

အခမ်းအနား ဒုတိယပိုင်းတွင် အမျိုးသားစာပေဆုရ စာရေးဆရာ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)က စည်းကမ်းတန်ဖိုးနှင့် မူးယစ်ဆေးအန္တရာယ်ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောကာ နေပြည်တော်လူငယ်ရေးရာတာဝန်ခံ ဒုတိယ ညွှန်ကြားရေးမှူး ဦးကြည်စိုးလင်းက ဉာဏ်စမ်းပဟေဠိ မေးမြန်းပြီး ကျောင်းသား ကျောင်းသူများအား ဌာနဆိုင်ရာအကြီးအကဲများက ဆုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**



# ဒလမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနား စာပေဟောပြောပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ဂိမ်းပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကုမုဒြာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းအောင်မြတ်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးရွှေလှိုင်က လူငယ်နှင့်စာပေအကြောင်း အသိပညာပေးပြောကြားသည်။ ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမင်းမင်းထိုက်က စာဖတ်ခြင်းအကျိုးကျေးဇူးအကြောင်း အသိပညာပေးပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာဝင်းက စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနား ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်နှင့် ပြိုင်ပွဲအမှတ်ပေးစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲကို စတင်ခဲ့ရာ အထက (၁)၊ အထက(၂)၊ အထက(ခွဲ) အလက (၂)၊ အထက ရခိုင်ချောင်၊ ဟာမိုနီကိုယ်ပိုင်အထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူ ငါးဦးတို့က “စာပေမြင့်မှ လူမျိုးတင့်မည်”၊ “ခေတ်သစ်ကမ္ဘာအတွက်ပညာရေးနှင့် စာရိတ္တပျိုးထောင်မှု”စသည့် ခေါင်းစဉ်များကိုမဲနိုက်ပြီး ကျရာခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခင်စန္ဒာမြင့်(ပြန်/ဆက်)**

# မကွေးမြို့၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ



မကွေး ဒီဇင်ဘာ ၉

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မကွေးမြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ မကွေးမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှကျောင်းသား ကျောင်းသူများက “အလှဆုံးပန်းများပွင့်ကြပြီ” သီချင်းဖြင့် သီဆိုဖွင့်လှစ်ကြပြီး တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ကိုဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအတွင်း ထည့်သွင်းကျင်းပသော အခြေခံပညာအထက်တန်းအဆင့် ကျပန်းစကားပြော ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် “အမြဲမပြတ် လေ့လာသင်ယူရေးစကားဝိုင်း” “Never Stop Learning Talk Show” တွင် စာရေးဆရာမကြီး ခင်ဆွေဦး ရေးသားသည့် “ဒို့တိုင်းဌာနီ” စာအုပ်ဖြင့် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုလက်ဆောင်များကို ညွှန်ကြားရေးမှူး ဦးတင်ကိုဝင်းနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မကွေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်ပြပွဲ၊ လှပသာယာ ပြည်မြန်မာရောင်စုံ ဓာတ်ပုံပြဘုတ်များ၊ ဂိမ်းကစားပြိုင်ပွဲများကိုကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သုံးခွမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဒီဇင်ဘာ ၃ ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပုလဲရတနာခန်းမ၌ ကျင်းပသည်။



ဦးစွာ ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေးအောင်၊ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်း၊ သန်လျင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်း၊ သန်လျင်ခရိုင် လက်ထောက်ပညာရေးမှူး ဦးယောဟန်၊ သုံးခွမြို့နယ် အထက (၁) မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေးအောင်နှင့်အဖွဲ့သည် ဌာနဆိုင်ရာပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုအားပေးကြသည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ပါဝင်ဆင်နွှဲကြသည့် ကျောင်းသား ကျောင်းသူများအတွက် သုတရသစာအုပ်လှူဒါန်းငွေကျပ် သိန်း ၃၀ အား ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **စည်သူလင်း (ပြန်/ဆက်)**



# တံတားဦးမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ

တံတားဦး ဒီဇင်ဘာ ၉

တံတားဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်သူအောင် ဦးဆောင်၍ မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်နိုင်ရေးနှင့် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ယနေ့နံနက် ၁၀ နာရီက BOC စက်သုံးဆီအရောင်းဆိုင်တွင် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြခြင်းကို ဆောင်ရွက်သည်။

လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြပွဲတွင် တံတားဦးမြို့ BOC စက်သုံးဆီအရောင်းဆိုင်တာဝန်ခံ မန်နေဂျာ ဦးကျော်ဇေယျသင်းက သရုပ်ပြဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်သူအောင်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ စက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းများအား ပညာပေးဟောပြောပြီး မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကရင်သက္ကရာဇ်(၂၇၆၅) ကရင်အမျိုးသားနှစ်ကူးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကော့ပရံ-ကော့မလောက် ကွန်ကရစ်လမ်းသစ်ဖွင့်

**ဘားအံ ဒီဇင်ဘာ ၉**

ကရင်သက္ကရာဇ်(၂၇၆၅) ကရင်အမျိုးသားနှစ်ကူးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကရင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဘားအံမြို့နယ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ၇၆၃ ဒသမ ၆၃၉ သန်းဖြင့် DNT ကုမ္ပဏီနှင့် Thanlwin Fridndship ကုမ္ပဏီတို့မှ တာဝန်ယူဆောင်ရွက်သည့် ကော့ပရံ-ကော့မလောက် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါလမ်းပိုင်း၌ ကျင်းပသည်။



**ကြည့်ရှုစစ်ဆေး**

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ကော့ပရံ-ကော့မလောက် ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကာ တက်ရောက်လာသူများနှင့်အတူ လမ်းအား ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများဖြစ်သော လမ်းတံတားများ တည်ဆောက်ရာတွင် အတူတကွပူးပေါင်းပါဝင်၍ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ဒေသများ အမြန်ဆုံးဖွံ့ဖြိုးတိုးတက်အောင် လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကွန်ကရစ်လမ်းသစ် ဆောင်ရွက်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော ဒေသခံပြည်သူများအား တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း တက္ကသိုလ်များ သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် သန်လျင်မြို့နယ် မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်ရှေ့တွင် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာ သွားလာနိုင်ရေး လူသွားစင်္ကြံ (ပလက်ဖောင်း) ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၂) လမ်းမကြီး ရန်ကုန်စီးပွားရေးတက္ကသိုလ်ရှေ့ မျက်နှာစာတွင် ရေစီးရေလာ ကောင်းမွန်ရေးအတွက် စက်ယန္တရားများဖြင့် အရှည်ပေ ၄၂၀၀၊ အကျယ် ၁၆ ပေ ဇလားပုံရေမြောင်းဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ပြည်သူများသွားလာရေး အဆင်ပြေစေရေးအတွက် အရှည်ပေ ၄၂၀၀၊ အကျယ် ၁၆ ပေ ကွန်ကရစ် လမ်းခင်းနေမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ မြေဖို့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် သစ်ပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေမြောင်းများအတွင်း အနံ့ဆိုးများ ကင်းရှင်းအောင် ဆောင်ရွက်ရန်၊ လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



ဆင်ပေါင်ဝဲမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း(၃/၂၀၂၅)သင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ ရက်က ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းက သင်တန်းဆင်းအမှာစကားပြောကြားစဉ်။

ကောင်းစစ်နိုင်



ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူးဦးမျိုးမင်းသူ ဦးဆောင်သော သန္နေမီးသတ်တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၈ ရက်တွင် ဇီးဖြူကျွန်းကျေးရွာရှိ ZTH စက်သုံးဆီ အရောင်းဆိုင်အား မီးဘေးလုံခြုံရေး စစ်ဆေးစဉ်။

ရောဦးသာ



ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကျုံရှတိုက်နယ် အထက(ကျုံရှစာဖြူစု)တွင် ဒီဇင်ဘာ ၈ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးချစ်လွင်ထွေးနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးစစ်ဆေးပြီး မီးဘေးအသိပညာပေးဟောပြောစဉ်။

အောင်သင်း

# နတ်မောက်မြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်



**နတ်မောက် ဒီဇင်ဘာ ၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဒီဇင်ဘာ ၇ ရက်က မြို့ပေါ် ခုနစ်ရပ်ကွက်သို့ အသံချဲ့စက်ဖြင့် လိုက်လံအသိပေးနှိုးဆော်ခြင်းများဆောင်ရွက်သည်။

ထိုသို့ အသိပညာပေးဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် နေအိမ်များတွင် မီးချိပ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများနှင့် မီးသတ်ဆေးဘူးများ အဆင်သင့်ထားရှိရန်၊ လျှပ်စစ်မီးအသုံးပြုရာတွင် အလေးထားလိုက်နာဆောင်ရွက်ကြရန်၊ မီးဘေးအန္တရာယ်ကြုံတွေ့လာပါက သက်ဆိုင်ရာသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ဆောင်ရွက်ကြရန် မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်ရှိ လမ်းဆုံများတွင် မီးသတ်ယာဉ်ဖြင့် လိုက်လံသတိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**လှဝင်း**

# မြန်အောင်မြို့၌ ဆေးဆိုင်များ ကွင်းဆင်းစစ်ဆေး

**မြန်အောင် ဒီဇင်ဘာ ၉**

ဧရာဝတီတိုင်း ဒေသကြီး မြန်အောင်မြို့နယ်တွင် ဟင်္သာတခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)နှင့် မြန်အောင်မြို့နယ် အစားအသောက်နှင့် ဆေးဝါးကော်မတီဝင်များပါဝင်သော သက်ဆိုင်ရာပူးပေါင်းအဖွဲ့များက ယနေ့နံနက်ပိုင်းတွင် မြို့ပေါ်ရှိဆေးဝါးရောင်းချသည့်ဆိုင်များသို့ ဆေးဝါးရောင်းချနေမှုများကို မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆေးဆိုင်များတွင် တရားမဝင်ဆေးဝါးများနှင့် သက်တမ်းလွန်ဆေးဝါးများ၊ စပ်ဆေး၊ တွဲဆေးများ ရောင်းချမှုမရှိစေရန်နှင့် ပဋိဇီဝဆေးများအား ဆရာဝန်ညွှန်ကြားချက် ဆေးစာပါရှိမှသာ ရောင်းချရန် စစ်ဆေးပြီး လိုအပ်ချက်များကို အသိပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ပြင်ဦးလွင်မြို့နယ်၌ ရခိုင်ပြည်နယ် တောင်ကုတ်မြို့သို့သယ်ဆောင်မည့် ငွေကျပ် ၁၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၈၅ သိန်းကျော် သိမ်းဆည်းရမိ




နေပြည်တော် ဒီဇင်ဘာ ၉

ပြင်ဦးလွင်မြို့နယ်၌ ရခိုင်ပြည်နယ် တောင်ကုတ်မြို့သို့သယ်ဆောင်မည့် ငွေကျပ် ၁၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၈၅ သိန်းကျော် သိမ်းဆည်းရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၉ ရက် နံနက် ၈ နာရီတွင် ပြင်ဦးလွင်မြို့နယ် ထုံးဘိုကျေးရွာအနီး၌ ဝေလင်းထွန်း မောင်းနှင်ပြီး အောင်သူဖြိုးနှင့် ပြည့်ဖြိုးဟိန်း(ခ)ဖက်တီးတို့ လိုက်ပါလာသော ALPHARD ယာဉ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၂၃ ဒသမ ၉ သိန်းကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၉ နာရီခွဲတွင် ပြင်ဦးလွင်မြို့နယ် ခြေမြစ်ပင်ကျေးရွာအနီး ချုံအတွင်းမှ ဆာလာအိတ်များဖြင့်ထည့်ထားသည့် စိတ်ကြွဆေးပြား ၆၂ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းစိတ်ကြွဆေးပြား ၈၅ ဒသမ ၉ သိန်း (ၚင်းဒေသတန်ဖိုးငွေကျပ် ၁၂ ဒသမ ၈၈၅ ဘီလီယံ)ကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ စိတ်ကြွဆေးပြားများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ကျော်မိုးထွန်းအား ဒီဇင်ဘာ ၁ ရက် ည ၁၀ နာရီတွင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ ရတနာပုံရပ်ကွက်ရှိ နေအိမ်တွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်းနှင့်အတူ ပူးပေါင်းပါဝင်သူများမှာ ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့နေ ကျော်ကျော်(ဖမ်းဆီးရန်ကျန်)၊ ဟိန်းစည်သူ(ဖမ်းဆီးရန်ကျန်)နှင့် ရွှေတောင်မြို့နေ ကျော်မောင်မောင်လှိုင်(ခ)ကိုချို(ဖမ်းဆီးရန်ကျန်)တို့ဖြစ်ပြီး ရှမ်းပြည်နယ်မှ ရခိုင်ပြည်နယ် တောင်ကုတ်မြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "ပတ္တမြားခင်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက်နေ မြင့်မြင့်စန်းအား ညနေ ၅ နာရီ ၅ မိနစ်တွင် ချမ်းအေးသာစံမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ကော့သောင်းမြို့နယ် မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဒီဇင်ဘာ ၄ ရက်က ရွှေဟင်္သာရပ်ကွက်အတွင်းရှိ နေအိမ်များအား တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးစစ်ဆေးအကြံပေးခြင်းများ ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

## ရေကြည်မြို့ မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြပွဲကျင်းပ



ရေကြည် ဒီဇင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် စည်ပင်သာယာရေးကော်မတီပိုင် မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးဘေးလုံခြုံရေး လက်တွေ့သရုပ်ပြပွဲကို ဒီဇင်ဘာ ၆ ရက်က ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဇော်လင်း၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်နိုင်နှင့် မီးသတ်ဦးစီးအရာရှိ ဦးစိုးနိုင်တို့က မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး မီးသတ်ဆေးဘူးအသုံးပြုပုံ၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ်များထားရှိရေး ပညာပေးဟောပြောကာ မီးသတ်ဆေးဘူး၊ မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)




ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ)သင်တန်း (၁/၂၀၂၅) ဆင်းပွဲကို ဒီဇင်ဘာ ၅ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနရုံးတွင် ပြုလုပ်ရာ သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဇော်က အမှာစကားပြောကြားပြီး မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတိုးနိုင်ဦးက သင်တန်းဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက ဆုရရှိသူများအား ဂုဏ်ပြုဆုများချီးမြှင့်စဉ်။

လွှမ်းသီဟ(ဝါးခယ်မ)

## ဘီးလင်းမြို့နယ်အတွင်း သမဝါယမအသင်းသားများ၏ မိုးစပါးရိတ်သိမ်းမှု ကွင်းဆင်းကြည့်ရှု



ဘီးလင်း ဒီဇင်ဘာ ၉

ဘီးလင်းမြို့နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ဘီးလင်းမြို့နယ် ရွှေလေ့ကျေးရွာ ရွှေဝါမြေ(လယ်/ထွေ)သမဝါယမအသင်းသားများ စိုက်ပျိုးထားသည့် ဂျပန်ရွှေဝါထွန်း မိုးစပါးများ ရိတ်သိမ်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်းကြည့်ရှုရာတွင် ဘီးလင်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သမဝါယမကဏ္ဍမှ သမဝါယမအသင်းပိုင်ငွေဖြင့် ဆောင်ရွက်သော လိပ်ခုံးကျေးရွာ ရွှေဝါမြေ(လယ်/ထွေ)သမဝါယမအသင်းက မိုးစပါးစိုက်ပျိုးသည့် သမဝါယမအသင်းသားတောင်သူ ၁၃ ဦး စိုက်ပျိုးထားသော ဂျပန်ရွှေဝါထွန်း စပါး ၁၁၅ ဧကကို ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် စပါးအထွက်နှုန်းတင်း ၁၀၀ ထွက်ရှိကြောင်း သိရသည်။

ဘီးလင်း(ပြန်/ဆက်)

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဒီဇင်ဘာ ၉

ဒီဇင်ဘာ ၉ ရက် ည ၈ နာရီ ၃၂ မိနစ် ၂၂ စက္ကန့်တွင် တောင်ငူ မြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၅၉ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(ဘော်လခဲမြို့၏ မြောက်-အနောက်မြောက်ဘက် ၁၀ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၉ ဒသမ ၃၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၂၆ ဒီဂရီ၊ အနက် ၁၇ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ မိုး/ဇလ

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

နေပြည်တော် ဒီဇင်ဘာ ၉

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ပခုက္ကူစာပေဆု ကျမ်းစာပေဒုတိယဆုရ **"ဦးဝင်းမြင့်မောင်(လင်းအရဏ်ဦး)"** ရေးသားသည့် **"ရတနာပုံအိမ်ရှေ့စံ"**စာအုပ်ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

■

စာအုပ်စာပေ
လူ့မိတ်ဆွေ
အလိမ္မာ
စာမှာရှိ

## ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ပြင်းအားမဂ္ဂနီကျု ၇ ဒသမ ၅ အဆင့်ရှိ ငလျင်လှုပ်ခတ်

**တိုကျို ဒီဇင်ဘာ ၉**

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ဒီဇင်ဘာ ၈ ရက်က ပြင်းအား မဂ္ဂနီကျု ၇ ဒသမ ၅ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် အေမိုရီ၊ အိုင်ဝါတီနှင့် ဟော့ကိုင်းဒိုး စီရင်စုတို့တွင် ဆူနာမီသတိပေးချက်များ ထုတ်ပြန်ခဲ့သော်လည်း ဒီဇင်ဘာ ၉ ရက် နံနက်အစောပိုင်းတွင် ၎င်းသတိပေးချက်များကို ရုပ်သိမ်းခဲ့သည်။

ဒီဇင်ဘာ ၈ ရက်က အေမိုရီစီရင်စု ကမ်းရိုးတန်းဒေသတွင် ပြင်းအား မဂ္ဂနီကျူ ၆ အထက်ရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း ဂျပန်မိုးလေဝသဌာနကပြောသည်။ ၎င်းငလျင်လှုပ်ခတ်ခဲ့ပြီးနောက် အိုင်ဝါတီစီရင်စုရှိ ကူဂျီဆိပ်ကမ်းတွင် ၇၀ စင်တီမီတာအမြင့်ရှိသည့် လှိုင်းများ တက်လာခဲ့သည်။

နိုင်ငံအတွင်းဖြစ်ခဲ့သည့် ငလျင်လှုပ်ခတ်မှုအတွင်း ဒေသခံ ၃၀ ထိခိုက်ဒဏ်ရာ ရရှိကြောင်းနှင့် ပစိဖိတ်ဒေသကမ်းရိုးတန်းများတွင် အလားတူရာသီဥတုဖြစ်စဉ်များဖြစ်နိုင်ကြောင်း ဂျပန်ဝန်ကြီးချုပ် တာကိုင်ချီဆာနေးက ဒီဇင်ဘာ ၉ ရက်တွင် ပြောသည်။ လာမည့်သီတင်းတစ်ပတ်အတွင်း ပြင်းအား မဂ္ဂနီကျု ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်နိုင်ကြောင်း မိုးလေဝသဌာနက သတိပေးပြောကြားသည်။ ဒေသခံများအား သီတင်းတစ်ပတ်စာ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများကို သိမ်းဆည်းထားရန် အစိုးရက ညွှန်ကြားခဲ့သည်။

ဂျပန်နိုင်ငံတွင်ရောက်ရှိနေသည့် တရုတ်နိုင်ငံသားများအား ငလျင်လှုပ်ခတ်မှုများနှင့်ပတ်သက်၍ သတိပြုနေထိုင်ကြရန် တရုတ်သံရုံးက ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။ အေမိုရီနှင့် ဟော့ကိုင်းဒိုးစီရင်စုတို့တွင် ဒေသခံ ၁၀ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ အေမိုရီစီရင်စုရှိ အိမ်ခြေ ၂၇၀၀ တွင် လျှပ်စစ်မီး ပြတ်တောက်ခဲ့သည်။



ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုး စီရင်စုတွင် ငလျင်လှုပ်ခတ်ပြီးနောက် ရေလှိုင်းများ တက်လာသည်ကို တွေ့ရစဉ်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**



## ဩစတြေးလျနိုင်ငံက ပြဋ္ဌာန်းသည့် အသက် ၁၆ နှစ်အောက်ရှိသူများအား လူမှုမီဒီယာသုံးစွဲမှု ပိတ်ပင်ရေးဥပဒေ စတင် အသက်ဝင်လာမည်

**ဆစ်ဒနီ ဒီဇင်ဘာ ၉**

ဩစတြေးလျနိုင်ငံက ပြဋ္ဌာန်းသည့် အသက် ၁၆ နှစ်အောက်ရှိသူများအား လူမှုမီဒီယာသုံးစွဲမှုပိတ်ပင်ရေးဥပဒေသည် ဒီဇင်ဘာ ၁၀ ရက်တွင် စတင်အသက်ဝင်လာမည်ဖြစ်ကြောင်း သိရသည်။

၎င်းဥပဒေအရ အသက် ၁၆ နှစ်အောက်ရှိသူများအနေဖြင့် ဖေ့စ်ဘွတ်၊ ယူကျူ၊ တစ်တော့နှင့် အိက်စ်လူမှုမီဒီယာတို့တွင် အကောင့်များပြုလုပ်ခြင်းကို တားမြစ်မည်ဖြစ်သည်။ အစိုးရအနေဖြင့် ကလေးများအား လူမှုမီဒီယာသုံးစွဲရာမှ ရရှိလာမည့်ဖိအားများကို ကင်းလွတ်စေရေးအတွက် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ် အန်ထော်နီ အယ်ဗေးနိစ်က ပြောသည်။ ကျောင်းသားများအနေဖြင့် ကျောင်းအားရက်များတွင် ဖုန်းဖြင့် အချိန်ကုန်မည့်အစား အကျိုးရှိသည့်လုပ်ငန်းများကို ဆောင်ရွက်ရန် ၎င်းက ပြောကြားသည်။ အားကစားနည်းသင်ယူခြင်း၊ စာပေဖတ်ရှုခြင်းနှင့် မိတ်ဆွေများနှင့်တွေ့ဆုံခြင်းဖြင့် လူမှုဘဝဝန်းကျင်နှင့် ထိတွေ့ရေးဆောင်ရွက်ရမည်ဟု ၎င်းက ပြောသည်။ ဩစတြေးလျပါလီမန်က ၂၀၂၄ ခုနှစ် နိုဝင်ဘာလက ပြဋ္ဌာန်းခဲ့သည့် ဥပဒေအရ အသက် ၁၆ နှစ်အောက်ရှိသူများအား လူမှုမီဒီယာများတွင် အကောင့်များ မဖွင့်နိုင်စေရေးအတွက် လူမှုမီဒီယာများက ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားသည်။ ဥပဒေကို လိုက်နာခြင်းမရှိသည့် လူမှုမီဒီယာလုပ်ငန်းများအား ဒဏ်ငွေဩစတြေးလျ ဒေါ်လာ ၄၉ ဒသမ ၅ သန်းပေးဆောင်ရန် သတ်မှတ်ထားသည်။ ကမ္ဘာ့နိုင်ငံများဖြစ်သည့် ဒိန်းမတ်၊ အင်ဒိုနီးရှား၊ ဘရာဇီး၊ မလေးရှားနှင့် နယူးဇီလန်တို့ကလည်း ၎င်းစည်းမျဉ်းကို သတ်မှတ်ရန် ဆောင်ရွက်နေကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

## ဂျေရုဆလင်အရှေ့ပိုင်းရှိ ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီရုံးအား အစ္စရေးရဲတပ်ဖွဲ့ စီးနင်း

**ဂျေရုဆလင် ဒီဇင်ဘာ ၉**

ဂျေရုဆလင်အရှေ့ပိုင်းရှိ ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီရုံးအား အစ္စရေးရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းခဲ့ကြောင်း သိရသည်။

အစ္စရေးတာဝန်ရှိသူများသည် ရုံးအဆောက်အအုံရှိ ကုလသမဂ္ဂအလံအား ဖြုတ်ချခဲ့ပြီး အစ္စရေးအလံအား လွှင့်တင်ခဲ့ကာ ရုံးအတွင်းရှိ ဆက်သွယ်ရေးကိရိယာများနှင့် အခြားပစ္စည်းများကို သိမ်းဆည်းခဲ့သည်။

**ဆောင်ရွက်ချက်အား ရှုတ်ချ**

နိုင်ငံတကာ စည်းမျဉ်းအရ ကုလသမဂ္ဂအဖွဲ့ အဆောက်အအုံများအား ရှာဖွေသိမ်းဆည်းခွင့်မရှိကြောင်း သိရသည်။ ယခုကဲ့သို့ ရုံးအဆောက်အအုံတွင် ဝင်ရောက်ရှာဖွေခဲ့သည့် အစ္စရေး၏ ဆောင်ရွက်ချက်အား ရှုတ်ချကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရပ်စ်က ပြောသည်။ အစ္စရေးနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် ကုလသမဂ္ဂ အဆောက်အအုံများကို ကာကွယ်စောင့်ရှောက်ရေးတွင် တာဝန်ရှိကြောင်း ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီ တာဝန်ရှိသူ ဖိလစ်ပီ လာဇရီက ပြောသည်။ အစ္စရေးသည် ယခုနှစ် ဇန်နဝါရီလတွင် နိုင်ငံအတွင်းရှိ ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီ၏ လုပ်ငန်းဆောင်ရွက်ခွင့်များကို ရုပ်သိမ်းခဲ့သည်။ ဟားမတ်စ်အဖွဲ့၏ တိုက်ခိုက်မှုများတွင် ၎င်းအေဂျင်စီလုပ်သားများ ပါဝင်မှုကြောင့် ယခုကဲ့သို့ဆောင်ရွက်ခြင်းဖြစ်ကြောင်း အစ္စရေးက ပြောသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - စိုးသူရ**

## အင်ဒိုနီးရှားနိုင်ငံ ဂျကာတာရှိ ဒရုန်းထုတ်လုပ်ရေး လုပ်ငန်းတစ်ခုတွင် မီးလောင်မှုဖြစ်



**ဂျကာတာ ဒီဇင်ဘာ ၉**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာရှိ ဒရုန်းထုတ်လုပ်ရေး လုပ်ငန်းတစ်ခုတွင် မီးလောင်မှုဖြစ်ပွားရာ ၂၂ ဦး သေဆုံးကြောင်း တာဝန်ရှိသူများက ဒီဇင်ဘာ ၉ ရက်တွင် ပြောသည်။

**ဆောင်ရွက်နေ**

မီးသတ်ယာဉ် ၂၉ စီးဖြင့် မီးသတ်သမား ၁၀၁ ဦးသည် မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း ဂျကာတာမီးသတ်ဌာနမှ တာဝန်ရှိသူ ဒီဝိဆီတန်တိုက ပြောသည်။

မီးလောင်မှုဖြစ်ပွားကြောင်း မွန်းလွဲ ၁၂ နာရီ ၄၃ မိနစ်တွင် အကြောင်းကြားချက်ရရှိပြီးနောက် မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း ၎င်းက ပြောသည်။

ယင်းဒရုန်းယာဉ် ထုတ်လုပ်ရေးလုပ်ငန်းရုံးအတွင်း ဒရုန်းများအတွက် လီသီယမ်ဘက်ထရီများ ထုတ်လုပ်ရာနေရာတွင် မီးလောင်ကျွမ်းခြင်းဖြစ်ပြီး လုပ်သားများသည် မီးခိုးမွန်သည့် ဝေဒနာကို ခံစားခဲ့ရကြောင်း သိရသည်။ ညနေ ၅ နာရီ ၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

## လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ ဟစ်ဇ်ဘိုလာအဖွဲ့၏ အခြေခံအဆောက်အအုံများအား အစ္စရေးတပ်မတော်က တိုက်ခိုက်

**ဂျေရုဆလင် ဒီဇင်ဘာ ၉**

အစ္စရေးတပ်မတော်သည် လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ ဟဇ်ဘိုလာအဖွဲ့၏ အခြေခံအဆောက်အအုံများကို ဒီဇင်ဘာ ၉ ရက်တွင် လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အစ္စရေးတပ်မတော်သည် ဟဇ်ဘိုလာအဖွဲ့၏ လေ့ကျင့်ရေးဆောင်ရွက်သည့် အဆောက်အအုံကို လေကြောင်းမှ တိုက်ခိုက်ခဲ့ပြီး ဟဇ်ဘိုလာအဖွဲ့၏ စစ်ဘက်ဆိုင်ရာ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့သည်။

အစ္စရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သားများအား ဟဇ်ဘိုလာအဖွဲ့က အကြမ်းဖက်မှုမကျူးလွန်စေရေးဆောင်ရွက်ခြင်းဖြစ်ကြောင်း အစ္စရေးတာဝန်ရှိသူများက ပြောသည်။ အစ္စရေးနှင့် လက်ဘနွန်ကြား ၂၀၂၄ ခုနှစ် နိုဝင်ဘာလက အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိခဲ့သော်လည်း အစ္စရေးက လက်ဘနွန်နိုင်ငံအတွင်း မကြာခဏ တိုက်ခိုက်ခြင်းများ ဆောင်ရွက်လေ့ရှိသည်။



**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄)ရပ်ကွက်၊ ကုန်းဘောင်လမ်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ စုပေါင်းပိုင်အဆောက်အအုံ (၁၄)အိမ်ရာ၊ တိုက်အမှတ်(၁၅)၊ အခန်းအမှတ်(၀၀၁)၊ အမည်ပေါက်-ဝဏ္ဏကျော်ထင်ဦးခင်မြင့်[၁၂/ဗတထ(နိုင်)၀၀၉၅၉၂]ဟုခေါ်တွင်သော (၄)ခန်းတွဲ၊ (၃)ထပ်တိုက်အဆောက်အဦ၏ (၁)လွှာ၊ မြေညီထပ်တိုက်ခန်း၊ အကျယ်အဝန်း-အလျား(၂၀)ပေxအနံ(၅၀)ပေ၊ (၁၀၀၀)စတုရန်းပေရှိ တိုက်ခန်း(၁)ခန်းအပါအဝင် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ယခုအပိုင် ရောင်းချသူ ဝဏ္ဏကျော်ထင်ဦးခင်မြင့်[၁၂/ဗတထ(နိုင်)၀၀၉၅၉၂]မှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေအား အပြီးအပိုင် လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤသတင်းစာ ကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အဆိုပါ မြေကွက်နှင့်ပတ်သက်သော အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်မာမာသွင် [၁၂/ဥကမ(နိုင်)၀၀၈၈၆၈]၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၃၈)**
**MPA(Executive), D.B.L, D.IP.L,D.M.L, D.C.W.E, DL-101 (WIPO Switzerland)**
**တိုက်အမှတ်(၃၈၉)၊ စတုတ္ထထပ်၊ (၅)လွှာ၊ သုမင်္ဂလာလမ်းမကြီး၊ (၈)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ရုံးဖုန်း-09-260087755, 09-421123477**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(UE-1)၊ သခင်ခင်စော(၄)လမ်း၊ မြေကွက်အမှတ်-၈၃၀၊ မြေအမျိုးအစား-ပါမစ်၊ မြေအမည်ပေါက်-ဒေါ်ခင်ငွေ(ISN-100724) [၁၂/မဂဒ(နိုင်)၀၄၂၅၁၈] ဟုခေါ်တွင်သော အကျယ်အဝန်း-(၄၀ပေx၆၀ပေ)ရှိ မြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ယခုအပိုင် ရောင်းချသူ ဦးခိုင်မင်းထွန်း [၈/ခမန(နိုင်)၁၁၃၄၀၅] မှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် တရားဝင်ပိုင်ဆိုင်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေအား အပြီးအပိုင် လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤသတင်းစာ ကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက် ကျော်လွန်ပါက အဆိုပါ မြေကွက်နှင့်ပတ်သက်သော အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်ဖြိုးသန္တာအောင် [၁၂/ဥကတ(နိုင်)၁၅၈၅၈၄] ၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၃၈)**
**MPA(Executive), D.B.L, D.IP.L,D.M.L, D.C.W.E, DL-101 (WIPO Switzerland)**
**တိုက်အမှတ်(၃၈၉)၊ စတုတ္ထထပ်၊ (၅)လွှာ၊ သုမင်္ဂလာလမ်းမကြီး၊ (၈)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ရုံးဖုန်း - 09-260087755, 09-421123477**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(တောင်)ရပ်ကွက်၊ ရွှေလောင်းလမ်း၊ အမှတ်(၄၁) ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၆)ထပ်တိုက်၏ ပထမထပ် (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၂ ပေခွဲ x ၅၀ ပေ)ဟုခေါ်တွင်တည်ရှိသော တိုက်ခန်း(၁)ခန်း နှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ကိုယ်ပိုင်ရေမော်တာ၊ လျှပ်စစ်မီတာ အပါအဝင် တပ်ဆင်ထားသော ပစ္စည်းများနှင့် ယင်းတိုက်ခန်းနှင့် ဆက်စပ်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဒေါ်ရင်ရင်မြင့် [၁၂/စခန(နိုင်)၀၁၀၄၀၃]က ၎င်းသာလျှင် တရားဝင်ပိုင်ဆိုင် လက်ဝယ်ရှိသည့်အပြင် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့် ပိုင်ဆိုင်မှုဆိုင်ရာ အရှုပ်အရှင်း တစ်စုံတစ်ရာမျှ မရှိပါကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏ မိတ်ဆွေ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်း အရောင်း/အဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုဆိုင်ရာ စာချုပ်စာတမ်း (မူရင်း)အထောက်အထား ခိုင်လုံစွာဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤတိုက်ခန်းအရောင်း/အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနိုင်ဝင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ် - ၅၀၀၉၈)**
**အမှတ်(၂၄)၊ (၆)လွှာ၊ စမ်းချောင်းလမ်း၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၆၀၆၁၀၁၃၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၂၂၊၂၃၊၂၄၊ မြေကွက်အမှတ်(၂၃(ပ)၇) ဧရိယာ(၀.၂၅၄)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၇)၊ ယူနီဗာစတီဗီလာ၊ သမိုင်းကောလိပ်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့သည် ဒေါ်ခိုင်မျိုးအောင်[၁၃/လရန(နိုင်)၀၁၂၉၇၁]မှ လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း၊ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုသက်သေ အထောက်အထား၊ ဂရန်မူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်ထံကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက် ကန့်ကွက်မှု တစ်စုံတစ်ရာပေါ်ပေါက်ခြင်း မရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်တင့်(ခ)ဦးခင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၅၁/၁၉၉၁)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊Strand Condo(ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၃၉၃၀၆**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၂၄)တွင် နေထိုင်သူ ဒေါ်မြတ်မြတ်[၁၂/သဃက(နိုင်)၀၈၈၀၂၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

**"ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရန်ကုန်သစ်၊ ရန်ကုန်သစ်ရပ်ကွက်၊ သံသုမာလမ်း၊ မြေကွက်အမှတ်-၄၃၄၊ အိမ်အမှတ်(၂၄)ဟု ခေါ်တွင်သော အကျယ်အဝန်း(၄၀ x ၆၀)ပေရှိ မြေကွက်နှင့်အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး"**တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၌ **ဒေါ်မြတ်မြတ်** အမည်ဖြင့် နှစ်(၆၀)မြေငှားဂရန်အမည်ပေါက်လျက်ရှိပြီး အဆိုပါမြေကွက်နှင့်အိမ်တို့၏ နှစ်(၆၀)ဂရန် မူရင်းနှင့် ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများသည် ခင်ပွန်းဖြစ်သူ **ဦးမျိုးတင့်အောင် (ဘ)ဦးဘတင့် [၃/ဘအန(နိုင်)၀၁၉၁၄၁]**မှ ၎င်း၏ လက်ဝယ်တွင် ယူဆောင်ထားသောကြောင့် ရောက်ရှိနေပါသဖြင့် အထက်ဖော်ပြပါ မြေကွက်နှင့် အိမ်တို့အား **ဒေါ်မြတ်မြတ်**၏ သဘောတူခွင့်ပြုချက် မပါရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်း၊ အမည်ပြောင်းခြင်း၊ အာမခံထားရှိခြင်း၊ အခြားနည်းဖြင့် အသုံးပြုခြင်းများ မပြုလုပ်ရန်နှင့်ထိုသို့ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြတ်မြတ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အိအိခိုင် (LL.B) (စဉ်-၁၆၀၇၅)** | **ဒေါ်စီစီဝင်း(LL.B) (စဉ်-၂၂၇၃၆)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၁၄၆)၊ မြေညီထပ်၊ ဘိုကလေးဈေးလမ်း၊ (၈)ရပ်ကွက်၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph-၀၉-၂၅၀၂၇၈၂၂၈၊ ၀၉-၂၅၄၄၀၅၇၉၈**

## "အများသိစေရန်ကြော်ငြာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၁ရပ်ကွက်၊ မြင်သာ(၄)လမ်း၊ အမှတ်(၂၂/၄)တွင် ဖွင့်လှစ်ထားသည့် နေဝန်းကမ္ဘာကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဦးနေဝင်း[၁၂/ဥကတ(နိုင်)၀၂၅၃၅၉]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်အမှုသည်၏ နေဝန်းကမ္ဘာကုမ္ပဏီလီမိတက်မှာ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားဦးစီးဌာန၏ ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီလိုင်စင်အမှတ်(၃၅၅/၂၀၂၄)ကို တရားဝင်ရရှိထားသည့် ကုမ္ပဏီဖြစ်ပြီး တရားဝင်ပြည်ပ အလုပ်အကိုင်ရှာဖွေခြင်းနှင့်ပတ်သက်၍ ကောင်းမွန်သောဂုဏ်သတင်းဖြင့် ယနေ့တိုင် လုပ်ကိုင်လျက်ရှိပါသည်။ ယခုအခါ နေဝန်းကမ္ဘာကုမ္ပဏီလီမိတက်၏ ကုမ္ပဏီအမည်၊ တံဆိပ်နှင့်ကုမ္ပဏီလိပ်စာတို့ကို အသုံးချ၍ မသမာသူများမှ ပြည်ပထွက်ခွာ၍ အလုပ်လုပ်ကိုင်လိုသူများထံမှ ငွေကြေးများလိမ်လည်ရယူခဲ့ကြောင်း ကြားသိရပါသည်။

ထို့ကြောင့် ကျွန်ုပ်အမှုသည်၏ နေဝန်းကမ္ဘာကုမ္ပဏီလီမိတက်သည် ကုမ္ပဏီမှတရားဝင် ခန့်အပ်ထားသည့် ဒါရိုက်တာနှင့် ဝန်ထမ်းများမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပြည်ပအလုပ်အကိုင်နှင့်ပတ်သက်၍ အလုပ်လက်ခံခြင်း၊ ငွေကြေးလက်ခံခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ခွင့် ပေးအပ်ထားခြင်း လုံးဝမရှိပါ။ ကုမ္ပဏီ၏ခွင့်ပြုချက် မရှိဘဲ မည်သူမျှ ကုမ္ပဏီအမည်ကို အလွဲသုံးစားပြုလုပ်၍ အလုပ်လက်ခံခြင်း၊ ငွေကြေးရယူခြင်းတို့ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက မည်သူ့ကိုမဆို ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"မန်နေဂျင်းဒါရိုက်တာဦးနေဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ"**
**ဦးမျိုးမင်းထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၅၉)(၁၄-၃-၂၀၁၇)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်။ Ph:09-401573462, 09-777171997**

## "အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊(၁၀)ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ် (၆၂၄/၇)နေ ဒေါ်နှောင်းဝသန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁/ဗမန(နိုင်)၀၄၆၇၂၃] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ရာဇာဓိရာဇ်လမ်း၊ မြေကွက်အမှတ်(၃၀၈)ဟု ခေါ်တွင်သော ပါမစ်မြေအမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့်တို့သည် ဗိုလ်ကြီးခင်မောင်သိန်း အမည်ဖြင့် မြို့မြေစာရင်းတွင် မှတ်သားထားသော မြေကွက်ဖြစ်ပြီး ယင်းမြေကွက်အား ဒေါ်ခင်တုတ်နှင့် ဒေါ်နီနီဝင်းတို့က ဝယ်ယူခဲ့ပြီး ဒေါ်နှောင်းဝသန်အား ထပ်မံစာချုပ်ချုပ်ဆို ရောင်းချခဲ့မှုနှင့်ပတ်သက်၍ အငြင်းပွားမှုများ၊ အမှုများ ဖြစ်ပွားခဲ့ပြီး နောက်ဆုံးတွင် ဒေါ်ခင်တုတ်၏ သမီးဖြစ်ပြီး အမွေဆက်ခံခွင့်ရှိသူ ဒေါ်နီနီဝင်း ဘက်မှ တောင်းပန်ညှိနှိုင်းမှုကြောင့် နှစ်ဦးနှစ်ဖက် သဘောတူကြပြီး အထက်ဖော်ပြပါ မြေကွက်ထဲမှ မခွဲမစိတ်ရသေးသော အလျား(၂၀)ပေxအနံ(၆၀)ပေ၊ (၁၂၀၀)စတုရန်းပေရှိ(ခြေရင်းခြမ်း) မြေကွက်နှင့် မြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်တို့ကို (၂၃-၁၀-၂၀၂၅)နေ့စွဲပါ စာချုပ်ကို ရပ်ကွက်တာဝန်ခံနှင့်သက်သေများရှေ့တွင် ချုပ်ဆို၍ လက်ရောက် ပေးအပ်ပြီး ဖြစ်ပါသောကြောင့် ဒေါ်နှောင်းဝသန်မှ အပြီးတိုင် ရရှိပိုင်ဆိုင် လက်ရောက်ရရှိထားပြီး ဖြစ်သောမြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်တို့ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်နှောင်းဝသန်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထင်လင်းနိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၁၁၂) (၁၀-၁၂-၂၀၀၂)**
**Ph: 09-5039306, 09-785039306**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ လူနေရပ်ကွက်(ပုသိမ်မြေ)၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၁၉၇)ဟုခေါ်တွင်သော အလျား ၂၅' x အနံ ၅၀'ရှိဦးလှဟန်[၁၂/ပဘတ(နိုင်)၀၀၂၀၉၇]အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦမှ ပထမထပ် တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးလှဟန်က အမည်ပေါက်ပိုင်ဆိုင်ပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းရာ ဦးစိုးမိုးကျော် [၁၂/ပဇတ(နိုင်)၀၃၈၃၅၃]က အပြီးအပိုင် ဝယ်ယူရန်အတွက် ငွေပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်ပတ်သက်၍ ယင်းတိုက်အဆောက်အဦမှ တိုက်ခန်းများအား ဝယ်ယူထားသူများနှင့်တကွ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)နှင့်တကွ ယခုသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက **အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ကို** ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်တင်တင်ထွေး (LLB, DBL)** | **ဒေါ်မြတ်စုသင်း (LLB)** |
| **(စဉ်-၈၀၁၀)** | **(စဉ်-၁၄၀၃၁)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(E-1)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၃၃၆၃၅၇၀၊ ၀၉-၄၄၉၈၀၀၉၂၇**

(ဒဂုံအရှေ့)
(ဒဂုံဆိပ်ကမ်း)
မြေကွက်များ
ဈေးကောင်း
ပေးဝယ်ပါမည်
09 760760764

## ကန့်ကွက်နိုင်ပါသည်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဈေး၊ ဆိုင်အမှတ်(ဃ-၃) မူလအမည်ပေါက် ဒေါ်လှဲ့လှဲ့ဝင်း [၁၂/မဂတ(နိုင်)၀၆၈၉၂၆]၏ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အမှတ်(S-64871)မှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည် လျှောက်ထားခြင်းအား တစ်ဆင့်ဝယ်ယူထားရှိသူ ဒေါ်အေးအေးသန့် [၁၂/မဂတ(နိုင်)၀၀၈၄၈၄]မှ ပြန်လည်လျှောက်ထားမည်ဖြစ်သောကြောင့် ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဒေါ်အေးအေးသန့်[၁၂/မဂတ(နိုင်)၀၀၈၄၈၄]**
**ဖုန်း-၀၉-၄၀၁၅၈၉၈၈၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန လက်အောက်ရှိ ကျိုက္ကဆံ ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်းအတွင်းရှိ (၁၀x၁၅)ပေအကျယ်ရှိ သဇင်ဆောင်အခန်းအမှတ်(၁၆)အား လက်ရှိ အမည်ပေါက်ပိုင်ဆိုင်သူ ဦးအာဘူထွရ် [၁၀/ကမရ (နိုင်) ၁၉၀၁၄၄]ထံမှ ဒေါ်မြင့်မြင့်သန်း[၁၂/ဒဂတ(နိုင်)၀၅၄၇၂၈]သည် နှစ်ဦးသဘောတူ ဆိုင်ခန်းအရောင်းအဝယ် ကတိစာချုပ်ဖြင့် အပြီးအပိုင် ဝယ်ယူပြီးဖြစ်ပါ၍ အဆိုပါ ဆိုင်ခန်းအမည်ပေါက်အား ဒေါ်မြင့်မြင့်သန်း [၁၂/ဒဂတ(နိုင်)၀၅၄၇၂၈]အမည်သို့ အမည်ပြောင်းလဲ လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသည့် အထောက်အထား အပြည့်အစုံဖြင့် ကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တာမွေမြို့နယ်၊ ကျိုက္ကဆံယာဉ်အပိုပစ္စည်း ရောင်းဝယ်ရေး စခန်း၊ ကွပ်ကဲမှုရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာမင်း LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၆၅၁)**
**အမှတ်(၁၁၇)၊ (၄/လွှာ)၊ အောင်မင်္ဂလာပတ်လမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၀၃၁၃၅၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (က-၂)လမ်း၊ အမှတ်(၆၉)မြေကွက်ကြီးပေါ်တွင် တည်ဆောက်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်(BCC)တိုက်၏ ခြေရင်းခြမ်း (၇/၂၀၂၃)ရက်စွဲပါ မြေရှင်၊ ကန်ထရိုက်တာ စာချုပ်အရ ကန်ထရိုက်တာ အကျိုးခံစားခွင့်ရှိသော ပထမထပ် (၂-လွှာ)တိုက်ခန်းအား ပိုင်ဆိုင်ကြောင်း ရောင်းချစီမံခွင့်ရှိကြောင်း အရှုပ်အထွေး ကင်းရှင်းကြောင်း ဦးနေမင်းထွန်း (ဘ)ဦးရာဂျူး[၇/သနပ(ပြု)၀၀၂၄၄၈]မှ ဝန်ခံကတိသစ္စာပြု၍ ရောင်းချလိုကြောင်း ကမ်းလှမ်းသည်ကို ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဂျူလိုင်မင်းအောင်**
**အထက်တန်းရှေ့နေ (စဉ်-၅၆၅၆၂)**
**အမှတ်(၄၀၀/မြေညီ)၊ မာလာမြိုင်လမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၉၈၅၀၀၃၃၃၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇)ရပ်ကွက်၊ လူနေရပ်ကွက်အမှတ်(၇)၊ အမှတ်(၅၀၈/ခ)ဟု ခေါ်တွင်သော အကျယ်အဝန်း(အလျား-၂၀ x အနံ-၆၀)ပေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမြို့မြေစာရင်းတွင် **ဦးချစ်သိန်း (ဘ)ဦးဘကျော်[၁၂/သကတ(နိုင်)၁၁၄၁၉၀] နှစ်(၆၀)ဂရန်** အမျိုးအစား-ရကစ/မြေရာ(သကတ/၇/၆၅၇/၉၂/၉၃)(မြေငှားစာချုပ်အမှတ်-သကတ/၇/ရှေ့ /၁၂၇၇/၉၃)(၆-၁၂-၁၉၉၃)အမည်ပေါက်မြေကွက်နှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့တွင် **တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း(အလျား-၁၀ x အနံ-၆၀)ပေ(ခေါင်းရင်းဘက်ခြမ်း)အား** တရားဝင်လက်ရှိပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ **ဒေါ်ဇင်မာစိုး(ဘ)ဦးသိန်းတင်[၁၂/သကတ(နိုင်)၁၅၅၀၉၄]**မှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်လင်းထွန်း(LL.B,PGDB) အထက်တန်းရှေ့နေ(စဉ်-၅၅၇၁၁)**
**အမှတ်-၁၂၃/ခ၊ သမာဓိလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၅၃၈၈၀၂၇၈**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ခရောင်ကျေးရွာ၊ စိန်ပန်းလမ်းသွယ်(၃)ရှိ ကွင်းအမှတ်-(၉၉၂B)၊ ခရောင်ကွင်း၊ ဦးပိုင်အမှတ်(၃၆/ဃ) ဦးနေလင်းအောင်အမည်ဖြင့် မြေခွန်ပြေစာထွက်ရှိ ထမ်းဆောင်ထားသော ဧရိယာ(၀.၆၉)ဧကအနက်မှ အလျားမျက်နှာ၀ (၄၀)ပေ x အနံ(၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ သီးပင်စားပင် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ နှင့် ပတ်သက်၍ လက်ရောက် ရရှိ ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်း ကင်းရှင်းပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးနေလင်းအောင် (ဘ) ဦးလှသန်း [၁၂/လကန(နိုင်)၁၈၆၂၄၂] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ (၁) ဦးအောင်မိုးဝင်း၊ (၂) ဒေါ်သင်းသင်းယုတို့က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသငွေ ပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူ မည်သူမဆို ပိုင်ဆိုင်မှုဆိုင်ရာ စာရွက်စာတမ်း (မူရင်း)များနှင့် အတူ ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ(၁)ဦးအောင်မိုးဝင်း ၊(၂)ဒေါ်သင်းသင်းယုတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူခိုင် (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၆၂၆/၂၄-၁၀-၂၀၁၇)**
**အောင်မင်္ဂလာရပ်ကွက်၊ ငြိမ်းချမ်းဖြိုးလမ်း၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph.09-795482460, 09-420298613**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ရဲဘော်(၂)လမ်း၊ အမှတ်-(ခ/၅၀)ဟု ခေါ်တွင်သော (၂၇x၄၂)ပေ အကျယ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အုတ်ညှပ် (၂)ထပ်နေအိမ်တစ်လုံး၊ ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်သူများဖြစ်သော ဒေါ်ရင်ရင်ထွေး[၁၂/အစန(နိုင်)၀၀၂၀၅၇]၊ ဒေါ်သိန်းသိန်း[၁၂/အစန(နိုင်)၀၉၄၀၈၃]နှင့် ဒေါ်သင်းသင်းခိုင်[၁၂/အစန(နိုင်)၀၉၆၉၀၇]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးဟိန်းထက်[၁၂/အစန(နိုင်)၁၇၆၄၄၀]က ဝယ်ယူရန်အတွက် စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဇင်မာထွန်း (LL.B, D.B.L)** | **ဦးထွန်းလင်းကျော် (LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ စဉ်- ၁၀၀၇၃** | **တရားလွှတ်တော်ရှေ့နေ စဉ်- ၁၃၀၁၅** |

**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၄၄၈၀၀၈၇၁၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ မင်းလမ်းနှင့် ရေလဲလမ်းထောင့်၊ အကွက်အမှတ်(၆-ဂျီ)၊ ဦးပိုင်အမှတ်(၂၅/ခ)၊ မြေကွက်အမှတ်(၆၉/၇၀)၊ အိမ်အမှတ်(၁၃၈)ဟု ခေါ်တွင်သော ဧရိယာ(၀.၀၃၅)ဧကရှိ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော RC(၂) ထပ်တိုက် (ဦးသန်းဌေးအမည်ပေါက်မီတာနှင့် ဒေါ်အိမမသက်အမည်ပေါက် မီတာ(၂)လုံးအပါအဝင်) တစ်လုံး၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်မှုဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အိမမသက်[၁၄/မအပ(နိုင်)၁၄၄၆၂၄]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးရဲလင်းအောင်[၁၄/မအပ(နိုင်)၃၂၇၉၉၄]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ယခုရောင်းချခြင်းနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၁)လအတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းဂရန်မူရင်းနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ယမင်းဟန် (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၇၈၈၃)**
**အမှတ်-၁၅၈(ခ)/၅လွှာ၊ အင်းစိန်လမ်းမကြီး၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၇၇၅၁၂၆၃၆၊ ၀၉-၆၈၉၂၇၄၀၈၆**

❖ **ဆန္ဒမဲပေးရာတွင်လည်း မိမိတို့ရွေးချယ်မည့် ရွေးကောက်ခံကိုယ်စားလှယ်များသည် နိုင်ငံ၏အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ဒီမိုကရေစီစနစ်ကို အမှန်တကယ် ဖော်ဆောင်ပေးနိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို အမှန်တကယ်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်နိုင်သူဖြစ်ရန်နှင့် နိုင်ငံကောင်းအောင် ဆောင်ရွက်နိုင်မည့်သူ များဖြစ်ရန်လို...**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ပြုလုပ်သော တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

## ယနေ့ ဖတ်စရာ

**မြန်မာ့လူ့အခွင့်အရေး ယာဉ်ကြီးဖြင့်....**

ဆောင်းပါး စာမျက်နှာ » ၆

**တတိယအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှု တိုက်ဖျက်ရေးကော်မတီ အစည်းအဝေးကျင်းပ**

စာမျက်နှာ » ၁၁

**ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ**

စာမျက်နှာ » ၁၄

**KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၀ လုံး ထပ်မံဖြိုချဖျက်ဆီး၊ မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသ တစ်ဝိုက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ဆောင်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ ထပ်မံတွေ့ရှိ**

စာမျက်နှာ » ၁၅

## (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း)ဖွင့်ပွဲအခမ်းအနား ကျင်းပ

# ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၁၂၀၀၀ ကျော် ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၉**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း)ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၉ ရက် ညပိုင်းက ဗန်ကောက်မြို့ရှိ ရာဇမင်္ဂလာ ဘောလုံးကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကို ဒေသစံတော်ချိန် ည ၇ နာရီတွင် စတင်ကျင်းပပြီး ဖျော်ဖြေရေးအစီအစဉ်များ စတင်ပြုလုပ်သည်။ ထိုင်းနိုင်ငံအနေဖြင့် ဖျော်ဖြေရေးအစီအစဉ်များတွင် နာမည်ကြီးအနုပညာရှင်များ၏ ဖျော်ဖြေမှုများ၊ နည်းပညာနှင့် အနုပညာပေါင်းစပ်ထားသည့် ပြကွက်များ၊ ထူးချွန်အားကစားသမားများ၏ သရုပ်ဖော်ပြကွက်များကို ပြသကြသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ☆







## ဆီးဂိမ်း ကွင်းသွင်း ခြင်းခတ်ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ပွဲစဉ်နှစ်ခုစလုံးတွင် မြန်မာအသင်း ဗိုလ်လုပွဲ တက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၉**

ဆီးဂိမ်းပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမနေ့ကို ဒီဇင်ဘာ ၉ ရက်က နာခွန်ပါသွန်ကျွမ်းဘားအားကစားရုံ၌ စတင်ကျင်းပရာ ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးပွဲစဉ်နှစ်ခုစလုံးတွင် မြန်မာအသင်းများ ဗိုလ်လုပွဲ တက်ရောက်ခဲ့သည်။

ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ ပထမနေ့တွင် ပတ်လည်စနစ်ဖြင့်ကစားပြီး အမှတ်အများဆုံးနှစ်သင်းမှာ ဒီဇင်ဘာ ၁၀ ရက်တွင် ဗိုလ်လုပွဲ ပြန်လည်ကစားရမည်ဖြစ်သည်။ အမျိုးသားပြိုင်ပွဲတွင် ထိုင်းအသင်းက ရမှတ် ၉၀၀၊ မြန်မာအသင်းက ရမှတ် ၆၇၀၊ ဖိလစ်ပိုင်အသင်းက ရမှတ် ၆၆၀၊ ဘရူနိုင်းအသင်းက ရမှတ် ၄၈၀၊ တီမောအသင်းက ရမှတ် ၁၂၀ တို့ရရှိသည်။ အမျိုးသမီးပြိုင်ပွဲတွင် အိမ်ရှင်ထိုင်းအသင်းက ရမှတ် ၉၇၀၊ မြန်မာအသင်းက ရမှတ် ၇၅၀၊ ဖိလစ်ပိုင်အသင်းက ရမှတ် ၆၀၀၊ လာအိုအသင်းက ရမှတ် ၃၄၀ တို့ရရှိသည်။ ထို့ကြောင့် ပတ်လည်ပွဲစဉ်များအပြီးတွင် အမျိုးသားပြိုင်ပွဲတွင် အမှတ်အများဆုံးရရှိသည့် အိမ်ရှင်ထိုင်းအသင်းနှင့် မြန်မာအသင်း၊ အမျိုးသမီးပြိုင်ပွဲတွင်

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ○